# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် ‘ဒေါသ’ ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက် | ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ် (၁၃၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ



တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ဂုဏ်ပြုပေးအပ်ချီးမြှင့်သော လက်ဆောင်ပစ္စည်းများကို ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် အေးမင်းထွေးက ပေးအပ်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများအား ဇန်နဝါရီ ၁၈ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့များပါဝင်သော တပ်မတော် မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ်ဖောတံတားသို့ ပြန်လည်ရောက်ရှိလာရာ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များ ဒုတိယအကြိမ်ရောက်ရှိ




နေပြည်တော် ဖေဖော်ဝါရီ ၁၄

အမျိုးသားအဆင့် လျှပ်စစ်သုံး ယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဒုတိယအကြိမ်အဖြစ် N.P.K Motors Co., Ltd. က တရုတ်နိုင်ငံမှ တင်သွင်းလာသော EV Charger 60KW ငါးစုံသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဖေဖော်ဝါရီ ၁၁ ရက်တွင် ရောက်ရှိခဲ့သည်။

ယင်းသို့ ရောက်ရှိလာသော EV Charger များကို အကောက်ခွန်ရှင်းလင်းခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန် ကင်းလွတ်ခွင့်ဖြင့် နေ့ချင်းပြီး ထုတ်ယူခွင့်ပြုပေးခဲ့သည်။

အဆိုပါ EV Charger များမှာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းဈေး၌ (60 KW Charging Station) တည်ဆောက်ရန် အတွက်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


**ယနေ့ ဖတ် စ ရာ**

**အခွန့်ရှည်ကြာ တည်တံ့ခိုင်မြဲနေမည့် မြန်မာ - ရုရှား ဆက်ဆံရေး**

မြန်မာ – ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး

ဆောင်းပါး | စာ - ၈

**ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရန် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ**

ဆောင်းပါး | စာ - ၁၇

**ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပွဲတော် နောက်ဆုံးရက် လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားများပြား**

ပြည်တွင်းသတင်း | စာ - ၁၈

# စာသင်ကျောင်းကို စစ်ရေးတွင်အသုံးပြုမှု ကလေးများ၏ အနာဂတ်ကို ဖျက်ဆီးမှုဖြစ်

NUG ၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF တို့ကို တည်ဆဲဥပဒေများနှင့်အညီ အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်ခဲ့ခြင်းသည် ၎င်းတို့စွဲကိုင်ထားသည့် အကြမ်းဖက်ဝါဒ၊ အကြမ်းဖက်အတွေးအခေါ်နှင့် လက်တွေ့ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်လုပ်ရပ်များကြောင့်ဖြစ်သည်။ နိုင်ငံတစ်ဝန်းတွင် အဆိုပါအကြမ်းဖက်အုပ်စုများက အရပ်ဘက်ပစ်မှတ်များကို နှစ်နှစ်အတွင်း တိုက်ခိုက်မှုပေါင်းများစွာ ကျူးလွန်ခဲ့သည့်အတွက် သေဆုံးသူ ၅၄၄၃ ဦးနှင့် ဒဏ်ရာရသူ ၄၅၇၇ ဦး ရှိခဲ့သည်။

ဖော်ပြပါ သေဆုံးဒဏ်ရာရသူများတွင် ပညာရေးဝန်ထမ်း ၆၆ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၄ ဦး၊ သံဃာအပါး ၇၀၊ သီလရှင်နှစ်ပါးတို့အပါအဝင် အစိုးရဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများ၊ ကလေးများ၊ အရပ်သားများက အများစုဖြစ်သည်။ လမ်း၊ တံတား၊ လျှပ်စစ်တာဝါတိုင်၊ ဆက်သွယ်ရေးတာဝါတိုင် အများအပြား ဖောက်ခွဲမီးရှို့ဖျက်ဆီးခဲ့ကြပြီး နိုင်ငံတစ်ဝန်းလုံးတွင် စာသင်ကျောင်း၊ တက္ကသိုလ်/ကောလိပ်များကို ဗုံးခွဲတိုက်ခိုက်မှု ၅၂၈ ကြိမ်နှင့် မီးရှို့ဖျက်ဆီးမှု ၁၂၃ ကြိမ်၊ စာသင်ကျောင်းများမဖွင့်ရန် ခြိမ်းခြောက်မှု ၁၁၅ ကြိမ် ပြုလုပ်ခဲ့ကြသည်။ NUG ၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အကြမ်းဖက်အဖွဲ့များက ဝန်ထမ်းများအားလုံး CDM ပြုလုပ်ခြင်းအား ၎င်းတို့ရည်မှန်းချက် အောင်မြင်နိုင်မည့် နိုင်ငံရေးလက်နက်တစ်ခုအဖြစ် အသုံးချကြခြင်းဖြစ်ရာ CDM မပြုလုပ်သည့် ဝန်ထမ်းများမှာ အလိုလိုနေရင်း ၎င်းတို့အား ဆန့်ကျင်သူ၊ ရန်သူများအဖြစ် သတ်မှတ်ခံကြရပြီး လုပ်ကြံသတ်ဖြတ်မှုများ၏ သားကောင်ဘဝသို့ ရောက်ရှိသွားကြရသည်။ အကြမ်းဖက်အားပေးမီဒီယာများက အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများကို အစိုးရဒေါက်တိုင်များအား ရှင်းလင်းခြင်း၊ ဒလန်ရှင်းလင်းခြင်း စသည့်ခေတ်ဟောင်းဗကပဝေါဟာရများဖြင့် ဖုံးဖိကာကွယ်ပေးကာ အကြမ်းဖက်မှုများကို အားပေးခဲ့ကြသည်။ ထို့အပြင် ပြည်ပနိုင်ငံအချို့နှင့် အဖွဲ့အစည်းတို့ကပါ အဆိုပါအကြမ်းဖက်အုပ်စုတို့၏ ကျူးလွန်မှုများကို မျက်ကွယ်ပြုကာ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်းအားဖြင့် မြန်မာနိုင်ငံအတွင်း အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှုများ ပိုမို၍ လက်ရဲဇက်ရဲဖြစ်လာအောင် တွန်းအားပေးသည့်သဖွယ်လည်း ဖြစ်စေခဲ့သည်။

မကြာသေးမီ ရက်ပိုင်းအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ မိုးတားလေးကျေးရွာရှိ အထက (မိုးတားလေး) စာသင်ကျောင်းအတွင်း KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့က စစ်စခန်းသဖွယ် ဘန်ကာများ၊ ကတုတ်ကျင်းများ၊ သဲအိတ်ဘန်ကာများ ပြုလုပ်ထားပြီး ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက တားမြစ်ထားသည့် စာသင်ကျောင်းများအား စစ်ရေးအရအသုံးပြုခြင်းကို ချိုးဖောက်လျက်ရှိကြောင်း တွေ့ရှိရသည်။ အချို့သောနိုင်ငံများနှင့် အဖွဲ့အစည်းများအနေဖြင့် NUG ၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အကြမ်းဖက်အဖွဲ့များနှင့် ထိတွေ့ဆက်ဆံခြင်း၊ မီဒီယာများပေါ်တွင် ထောက်ခံအားပေးနေခြင်းတို့က အပြစ်မဲ့ပြည်သူများ၏ ဘဝလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ခြိမ်းခြောက်ဖျက်ဆီးလျက်ရှိသော၊ ကလေးသူငယ်များ၏ ပညာသင်ကြားပိုင်ခွင့်အပေါ် အဓမ္မနည်းလမ်းများဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသော အကြမ်းဖက်သမားများကို အားပေးအားမြှောက်ပြုနေခြင်းဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးနှင့် ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေး ကြိုးပမ်းနေမှုများအပေါ် ဝင်ရောက်စွက်ဖက်ဟန့်တားမှု သက်သက်မျှသာဖြစ်ပါကြောင်း။ ။




## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၂၁ / ၂၀၂၃**
၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

**ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးစိုးကြည် အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**
နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။

**မိုး/ဇလ**

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့မှ (၂၄) ရက်နေ့အထိ ဆေးသုတေသနဦးစီးဌာန၊ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီသီမြင့် ကို ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိဥဒဏ်ဂုဏ်ရည်ပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ တိပိဋကာလင်္ကာရ သာမဏေကျော်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ချမ်းသာရကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ကျားရုပ်ပရိယတ္တိ စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဘီးလင်းတိုက်သစ် ပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ကြာကန်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရတနာမာန်အောင်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ ကျောက်ကုန်းကျောင်းကြီးကျောင်းတိုက်နှင့် ရွှေပြည်သာမြို့နယ်ရှိ ရွှေပြည်သာပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ သီတဂူဗုဒ္ဓကောလိပ်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ အရိယဝံသကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိချမ်းမြသာစည်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာသန္တာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ ကမာကဆစ်အလယ်ကျောင်းပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ရတနာပုံအောင်သုခ ပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။ **(ဃာပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး နိုင်ဝင်းလှ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် နိုင်ဗညားလယ်၊ နိုင်အောင်မငေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**မူကြမ်းများကိုဆွေးနွေးညှိနှိုင်း**

ဒုတိယနေ့ဆွေးနွေးပွဲတွင် ပထမနေ့၌ မပြီးပြတ်သေးဘဲ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် ကိစ္စများ၊ နှစ်ဖက်အဆိုပြုချက်များကို ဆက်လက်ဆွေးနွေးညှိနှိုင်းကြသည်။ ယင်းနောက် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဘုံသဘောတူညီချက်များကို ဆွေးနွေးညှိနှိုင်းကြပြီး နှစ်ဖက်ဆွေးနွေးချက်များအရ သဘောတူညီချက်များရယူနိုင်ရန် မူကြမ်းများကို ဆွေးနွေးညှိနှိုင်းကြပြီး ဆွေးနွေးပွဲဒုတိယနေ့ကို ရပ်နားခဲ့သည်။ တတိယနေ့ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နှစ်ဖက်တူညီသည့်သဘောထားများကို သဘောတူညီချက်များအဖြစ် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းကြက်သွန်နီဈေးနှုန်း တည်ငြိမ်စွာဖြင့် ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်တွင်းကြက်သွန်နီ ဈေးနှုန်း တည်ငြိမ်စွာဖြင့် ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ-၁ ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက် အမှာစကား ပြောကြားသည်။(ဃာပုံ)

**တိုးမြှင့်တင်ပို့**

ပြည်ထောင်စု ဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကြက်သွန်နီ စိုက်ဧက ၁ ဒသမ ၇ သိန်းကျော် ရှိပြီး နှစ်စဉ်တန်ချိန် တစ်သန်းကျော် ထွက်ရှိပါကြောင်း၊ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ ထိုက်သင့်သည့် အကျိုးအမြတ်ရရှိစေရေး၊ စားသုံးသူပြည်သူများ သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးတို့ကို ချိန်ညှိဆောင်ရွက်ရေးနှင့် ပြည်ပနိုင်ငံများသို့ စဉ်ဆက်မပြတ် တိုးမြှင့် တင်ပို့နိုင်ရေးတို့ကို ဟန်ချက်ညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ချိတ်ဆက်ဆောင်ရွက်**

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံး သီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းမှ တာဝန်ရှိသူများက ဈေးကွက်အခြေအနေနှင့် အလားအလာများ၊ ပြည်ပတင်ပို့ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ဈေးကွက်တိုးချဲ့ တင်ပို့နိုင်ရေးအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးရန် လိုအပ်ချက်များ၊ ပြည်ပနိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှ လက်ရှိတင်ပို့နေမှု အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး ကြက်သွန်နီကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံ အပါအဝင် ဈေးကွက်အလားအလာရှိသည့် နိုင်ငံများသို့ တိုးမြှင့်တင်ပို့နိုင်ရေး အစိုးရချင်း ချိတ်ဆက်ဆောင်ရွက်ရေး၊ လိုအပ်သည့် အပင်ပိုးမွှားရောဂါများ ကင်းရှင်းကြောင်း အသိအမှတ်ပြု လက်မှတ်များ လွယ်ကူစွာ ထုတ်ယူရရှိနိုင်ရေး၊ ကောင်းမွန်သော စိုက်ပျိုးထုတ်လုပ်မှုကျင့်စဉ်(GAP)စနစ်ဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် တောင်သူပညာပေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အပါအဝင် ပြည်ပဈေးကွက်သို့ ကြက်သွန်နီ စဉ်ဆက်မပြတ် တိုးမြှင့် တင်ပို့နိုင်ရေးနှင့် ပြည်တွင်းဈေးကွက် တည်ငြိမ်စေရေးတို့အတွက် ဆောင်ရွက်သင့်သည့် အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

**တင်ပို့ရောင်းချ**

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စာဖိုဆောင်သုံး သီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သော တပ်မတော် မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၂၁၃၀၀ ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၆၇၂၉ ဦး၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ ၁၅၆၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၀၅၂ ဦး၊ ကလေးရောဂါ ၁၁၆၉ ဦး၊ အရိုးရောဂါ ၃၄၉၃ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၁၉၃၄ ဦး၊ မျက်စိရောဂါ ၃၈၀၁ ဦးနှင့် သွားရောဂါ ၁၅၅၇ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက် မျက်စိခွဲစိတ်လူနာ ၁၀၃၇ ဦး၊ အထွေထွေခွဲစိတ်လူနာ ၆၇၂ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၁၉၄ ဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၁၅၈၄ ဦး၊ ECG စက်ဖြင့်နှလုံးစမ်းသပ်လူနာ ၁၇၉၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၂၈၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်နှစ်ဦးတို့အား အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော ဒေသခံပြည်သူ ၁၀၆ ဦးတို့ကိုလည်း သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့ဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ဂုဏ်ပြုပေးအပ်ချီးမြှင့်သော လက်ဆောင်ပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် အေးမင်းထွေးက ပေးအပ်ပြီး မနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**အောင်မြင်စွာမွေးဖွားပေးနိုင်**

တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့များပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့ဖြင့် ၂၀၁၃ ခုနှစ်မှ စတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ကြောင်းများတစ်လျှောက် ဆေးကုသရန် ခက်ခဲသော ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယခုခရီးစဉ်သည် (၁၇) ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူစုစုပေါင်း ၁၆၄၈၀၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၆ ဦးတို့အား အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သစ်မျိုးစုံဥယျာဉ်အဝင်မုခ်ဦး ဖွင့်ပွဲအခမ်းအနားကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မဲခေါင်ဒေသ မြန်မာနိုင်ငံ၏ သစ်တော ဂေဟစနစ်များအား ဘက်စုံစီမံအုပ်ချုပ်ခြင်း သရုပ်ပြ စီမံကိန်း၏ ရန်ပုံငွေအထောက် အပံ့ဖြင့် ဆောင်ရွက်သည့် သစ်မျိုးစုံဥယျာဉ် အဝင်မုခ်ဦး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သစ်တော သုတေသနဌာန သစ်မျိုးစုံဥယျာဉ် ရေဆင်း၌ ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက သစ်မျိုးစုံဥယျာဉ် အဝင်မုခ်ဦးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ယခုသစ်မျိုးစုံဥယျာဉ်သည် သစ်တောသစ်ပင်ဂေဟစနစ်နှင့် မျိုးရိုးဗီဇထိန်းသိမ်းရန်၊ သုတေသန စမ်းသပ်ခြင်းများပြုလုပ်ရန်၊ ပြည်သူလူထု အပန်းဖြေအနားယူရန်နှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်ကြောင်း။

ယနေ့ခေတ် နိုင်ငံတကာတွင် သဘာဝ ပတ်ဝန်းကျင်နှင့် သစ်တောသစ်ပင် ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများ မြှင့်တင်ရန်အတွက် ပြည်သူလူထု အသိပညာပေးခြင်း လုပ်ငန်းများကို နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လာကြကြောင်း၊ ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်း၊ သစ်တောကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သစ်ပင်စိုက်ပွဲတော်များ ကျင်းပခြင်းနှင့် သစ်မျိုးစုံဥယျာဉ် တည်ထောင်ခြင်း လုပ်ငန်းများသည် ပြည်သူတို့ကို သဘာဝနှင့် နီးစပ်စေပြီး သစ်တောသစ်ပင်ကို ချစ်မြတ်နိုးစိတ်၊ ဂရုစိုက်လိုစိတ်များကို ဖြစ်ပေါ်စေကြောင်း၊ မိမိတို့အနေဖြင့် နောင်အနာဂတ်မျိုးဆက်သစ်များအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်၍ သန့်ရှင်းကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းအမွေကောင်း ပေးနိုင်အောင် ကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သစ်မျိုးစုံဥယျာဉ်အတွင်း အအေးပိုင်းဒေသ သစ်တောသစ်ပင်၊ အလှပင်နှင့် ပင်ပျော့ပင် ၇၂ မျိုးအား ရေငွေ့ထိန်းခန်းတွင်ထားရှိမှု အခြေအနေနှင့် ပညာပေးပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပညာပေးပြခန်းအတွင်းပိုင်း ပြင်ဆင်ခြင်းနှင့် ဇုန်အလိုက်မြေယာ ရှုခင်းအလှများ မွမ်းမံခြင်းတို့နှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ သစ်မျိုးစုံဥယျာဉ်သည် ၆၄ ဧက ကျယ်ဝန်းသည့် အင်တိုင်းတော အမျိုးအစားကို အခြေခံ ထိန်းသိမ်းထားသည့် ဥယျာဉ် တစ်ခုဖြစ်ပြီး အပင်မျိုးရင်း ၄၀၊ မျိုးစိတ် ၁၃၁ မျိုး ပေါက်ရောက်နေပြီး ဇုန် ရှစ်ဇုန်ဖြင့် ဇုန်အလိုက် မျိုးဆက်ပင်များပြုစုခြင်း၊ ဝါးပင်၊ သစ်တောသစ်ပင်၊ အလှပင်နှင့် အသီးပင်များ စိုက်ပျိုးခြင်းတို့အား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၃) ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည် နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီအောက်ရှိ လူသားချင်း စာနာထောက်ထားမှု အကူအညီ ပေးရေးနှင့်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၂၃) ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန စုပေါင်း ခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီ ပေးရေးနှင့် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ ဖော်ဆောင် ရေးလုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ (၁) စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ ဒုတိယဥက္ကဋ္ဌ(၂) တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ လုပ်ငန်း ကော်မတီဝင် ဝန်ကြီးဌာနများမှ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဝန်ကြီးက စာနာ/သက်မွေး လုပ်ငန်း ကော်မတီအနေဖြင့် ပြီးခဲ့သော အမျိုးသားအဆင့် ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်အရ IDP နှင့် နေရပ်စွန့်ခွာ စခန်းများအတွက် လုပ်ငန်းကော်မတီ စီမံချက် ရေးဆွဲပြီး အမျိုးသားအဆင့် ကော်မတီကို တင်ပြရန်ရှိသည့် အတွက် လုပ်ငန်းကော်မတီဝင် ဌာနများက ပေးပို့လာသော အချက်အလက်များကို စုစည်းပြီး စီမံချက် ရေးဆွဲထားမှုအပါအဝင် အစည်းအဝေး ဆုံးဖြတ်ချက်များ နှင့်စပ်လျဉ်းပြီး အစည်းအဝေး ခေါ်ယူ ကျင်းပရခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီ အနေဖြင့် အမျိုးသားအဆင့် ကော်မတီ၏ လမ်းညွှန်ချက်များ နှင့်အညီ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို နှစ်လ တစ်ကြိမ်နှင့် ခြောက်လ တစ်ကြိမ် အစီရင်ခံစာများ ပြုစုပြီး အမျိုးသားအဆင့် ကော်မတီသို့ ပုံမှန်တင်ပြလျက်ရှိပါကြောင်း၊ စီမံချက်များ တင်ပြရာတွင် IDP နှင့် နေရပ်စွန့်ခွာစခန်းများ ပြန်လည် နေရာချထားမည့် ဒေသများ၌ ထိရောက်စွာ ဆောင်ရွက်ပေးရန် ဖြစ်သည့်အတွက် အကောင် အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များကို ပြန်လည်နေရာ ချထားမည့်နေရာများ၌သာ ဦးစား ပေးရွေးချယ်ဆောင်ရွက်ပေးကြ စေလိုကြောင်း။

ထို့အပြင် IDP အမျိုးသားအဆင့် ကော်မတီ၏ (၃/၂၀၂၂) အစည်း အဝေးဆုံးဖြတ်ချက်တွင်ပါရှိသော လုပ်ငန်းကော်မတီက ဆောင်ရွက် ရမည့် ဆုံးဖြတ်ချက်များကို စနစ် တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်၊ အသက် မွေးဝမ်းကျောင်း လုပ်ငန်းများ ဖော်ဆောင်ပေးရာတွင် သင့်လျော် သည့် သင်တန်းများ၊ နည်းပညာ များနှင့် ထောက်ပံ့မှုများ ဆောင် ရွက်ပေးကြရန် လိုပါကြောင်း၊ ဆောင်ရွက်မည့် ဒေသအများစု သည် တိုင်းရင်းသားများ နေထိုင် သည့်ဒေသများ ဖြစ်သောကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ် ရေးနှင့် ပတ်သက်ပြီး အလေးထား ဆောင်ရွက်ပေးကြရန်၊ လုပ်ငန်း များဆောင်ရွက်ရာတွင် အောက် ခြေအဆင့်အထိ သိရှိနားလည် သဘောပေါက်ကာ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက် ကြရန် ပြောကြားသည်။

လုပ်ငန်းကော်မတီ အတွင်း ရေးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်က ယခင်လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/၂၀၂၂) ဆုံးဖြတ် ချက်များအပေါ် ဆောင်ရွက် ပြီးစီးမှု၊ လုပ်ငန်းကော်မတီ၏ စီမံချက်ရေးဆွဲဆောင်ရွက်ထားမှု ကို ရှင်းလင်းတင်ပြသည်။

**ကဏ္ဍအလိုက်ဆွေးနွေး**

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသော အမြဲ တမ်းအတွင်းဝန်များ၊ ညွှန်ကြား ရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူး များက ဌာနအလိုက် အကောင် အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ လုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌများက လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှု များ ဆောင်ရွက်ပေးသည်။

ယင်းနောက် လုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ဒုတိယဝန်ကြီး ဦးဇော်အေးမောင် က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆောင်းနေကြာသီးနှံစိုက်ပျိုးထုတ်လုပ်ရေးကွင်းသို့ စိုက်ပျိုးရေးသိပ္ပံ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

**ကျောက်တော် ဖေဖော်ဝါရီ ၁၄**

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်ရှိ သရက်တပင်ကျေးရွာတွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းနေကြာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကွင်းသို့ စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူများက ယမန်နေ့က လာရောက်လေ့လာခဲ့ကြသည်။**(ယာပုံ)**

အဆိုပါ လေ့လာရေးခရီးစဉ်တွင် ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာနေတောင်သူ ဦးစံသာထွန်း၏ ဆောင်းသီးနှံ နေကြာစိုက်ခင်းအတွင်း စိုက်ပျိုးထားသော ဆင်းရှေ့ကြာ (နေကြာ) စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် ပတ်သက်၍ ကျောက်တော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်သန့်အောင်က ဆောင်းနေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)မှ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ကျောက်တော်မြို့နယ်အနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ကျောက်တော်မြို့နယ် တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ဆောင်းနေကြာဆီထွက်သီးနှံစိုက်ဧက ၁၃၀၆၅ ဧက စိုက်ပျိုးသည့်အနက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **ခင်မောင်ထွန်း(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်အတူ ယနေ့ မွန်းလွဲ ၃ နာရီတွင် မေ ၅ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**



ဦးစွာ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Training Hall No.(1) ၌ လေ့ကျင့်လျက်ရှိသည့် ဂျူဒိုအားကစားသမားများအား ဂျပန်နည်းပြ YAMATO HIRANUMA နှင့် မြန်မာနည်းပြ ဆရာဆရာမများက စနစ်တကျသင်ကြားလေ့ကျင့်ပေးနေမှု၊ ခြင်းလုံးအားကစားသမားများနှင့် ဗိုဗီနမ်အားကစားသမားများ၏ လေ့ကျင့်နေမှု၊ ဖူဆယ်အားကစားရုံတွင်(Hooptakraw) ဂွင်းသွင်း ခြင်းခတ်အားကစားသမားများ၏ လေ့ကျင့်နေမှု၊ အလေးမအားကစားရုံတွင် အလေးမ အားကစားသမားများ၏ လေ့ကျင့်နေမှု၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းရှိ (GYM) ခန်းမတွင် ပိုက်ကျော်ခြင်းအားကစားသမားများ၏ (GYM Training) လေ့ကျင့်နေမှု၊ အားနစ်အားကစားသမားများ၏ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ပီတန်းအားကစားသမားများ၏ လေ့ကျင့်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားအဖွဲ့များမှ အုပ်ချုပ်/နည်းပြနှင့် အားကစားသမားများကို (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အချိန်ကာလနီးကပ်လာပြီဖြစ်သည့်အတွက် အားကစားသမားများအနေဖြင့် နည်းပြဆရာ၏ သင်ကြားပေးမှုအတိုင်း ကြိုးစားလေ့ကျင့်ရန်လိုကြောင်း၊ မိမိနိုင်ငံ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရန်နှင့် အဆင့်တန်းမြင့်မြင့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ယခုကတည်းက အစွမ်းကုန် ကြိုးစားလေ့ကျင့်ကြရန်လိုကြောင်း၊ ကျန်းမာရေးသည် အဓိကအရေးကြီးသည့်အတွက် နေထိုင်၊ သွားလာ၊ စားသောက်၊ လေ့ကျင့်မှုများတွင် အထူးဂရုစိုက်ကြရန်လိုကြောင်း၊ ကျန်းမာရေးမကောင်းပါက မိမိတို့ ကြိုးစားလေ့ကျင့်ထားမှုများ၊ အရည်အချင်းများ ဖော်ထုတ်ပြသနိုင်မည့် အခွင့်အရေးဆုံးရှုံးနိုင်ပြီး မိမိကိုယ်တိုင်ရော နိုင်ငံအတွက်ပါ နစ်နာဆုံးရှုံးနိုင်ကြောင်း၊ အားကစားသမားများအနေဖြင့် ပြိုင်ပွဲများ ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုရရှိရန် နောက်ဆုံးအချိန်ထိ မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယ၊ စိတ်ဓာတ်တို့ဖြင့် ရေကုန်ရေခန်း အားသွန်ခွန်စိုက် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားကြရန်လိုကြောင်း၊ မိမိခံနိုင်ရည်အား၊ သက်လုံ၊ ကျွမ်းကျင်မှုများကို ကြိမ်ဖန်များစွာ ပိုမိုတိုးတက်ကောင်းမွန်အောင် နည်းပြများ၏ သင်ကြားပြသလေ့ကျင့်ပေးသည့်အတိုင်း စနစ်တကျလေ့ကျင့်ကြရန်လိုကြောင်း၊ နည်းပြများအနေဖြင့် အားကစားသမားများကို သားသမီးများသဖွယ် ဂရုစိုက်စောင့်ရှောက်၍ လိုအပ်ချက်များ၊ အခက်အခဲများကို ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ နည်းပြများ အချင်းချင်း ညီအစ်ကိုမောင်နှမကဲ့သို့ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက် လုပ်ကိုင်သွားကြရန်လိုကြောင်း၊ အားကစားသမားများကို Training ပြုလုပ်ရာတွင် မခိုမကပ်ဘဲ ပြည့်ပြည့်ဝဝလေ့ကျင့်ပြီး မိမိကိုယ်မိမိ ယုံကြည်မှု၊ ခံယူချက်၊ အနိုင်ရလိုစိတ် ပြင်းပြစေရန်အတွက် စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ခန္ဓာပိုင်းဆိုင်ရာများတွင် အနီးကပ်စောင့်ကြည့်၍ ၎င်းတို့၏ ကိုယ်ရေး ကိုယ်တာ အခက်အခဲများ၊ လိုအပ်ချက်များ၊ ကျန်းမာရေးနှင့် ပတ်သက်ပြီး အခက်အခဲများရှိပါက တာဝန်ရှိသူများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြနိုင်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း Gold Camp ရှိ စားရိပ်သာ(၁)နှင့်(၂)တို့တွင် အားကစားသမားများကို ညနေစာပြင်ဆင်ကျွေးမွေးနေမှု၊ အသီးအရွက်ထားရှိသည့်နေရာနှင့် အသီးအရွက်လှီးဖြတ်သည့်နေရာ၊ ချက်ပြုတ်သည့်နေရာများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး အစားအစာများကို အရသာရှိရှိ၊ အာဟာရနှင့် ညီညွတ်မျှတပြီး သန့်ရှင်းသပ်ရပ်စွာ ချက်ပြုတ်ပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မင်းလှမြို့နယ်ရှိ ဒေသခံများအား တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်း ဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မင်းလှမြို့နယ် မိကျောင်းရဲကျေးရွာရှိ တိုက်နယ်ဆေးရုံ၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၂၅၄ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၈၅ ဦး၊ ခွဲစိတ်ရောဂါ ၂၀၊ ကလေးရောဂါ ၁၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၂ ဦး၊ အရိုးရောဂါ ၄၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၂ ဦး၊ မျက်စိရောဂါ ၅၃ ဦးနှင့် သွားရောဂါ ၁၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၉ ဦးတို့ကို ရွှေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွှေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သူ ၁၁ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းအပြင် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား သွေးတိုးရောဂါနှင့် ဆီးချို၊ သွေးချိုရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘူးသီးတောင်မြို့၌ ကလပ်ပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ဘူးသီးတောင် ဖေဖော်ဝါရီ ၁၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ အား/ကာကော်မတီနှင့် အနောက်တံခါး လူမှုကူညီရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် ကလပ်ပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၃နာရီက မြို့မအားကစားကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးက အားကစားဝါသနာရှင်များအနေဖြင့် မူးယစ်ဆေးဝါးကင်းစင်၍ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်သော လူငယ်များ ဖြစ်ပေါ်လာစေရန်၊ မြို့နယ်/ခရိုင်/ ပြည်နယ်နှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ထွက်ပေါ်လာစေရန် ကြိုးစားကြစေလိုကြောင်း ပြောကြားပြီး အနောက်တံခါး လူမှုကူညီရေးအသင်းနာယက ဦးညီညီက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲတွင် အသင်း ၁၀သင်းတို့က အုပ်စုပတ်လည် အနေဖြင့် ဖေဖော်ဝါရီ ၁၄ ရက်မှ မတ် ၁၇ ရက်အထိ တစ်လကြာ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း မြို့နယ်အားကစား ဦးစီးမှူး ဒေါ်ဥမ္မာသန်းထံက သိရသည်။

**လှကျော်(ပြန်/ဆက်)**



## နေပြည်တော်၌ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူ ၇၁၀၃ ဦး ဝင်ရောက်ဖြေဆိုမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၈ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ နေပြည်တော်၌ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ၃၉ ခုတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၁၀၃ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်၌ ဥတ္တရသီရိမြို့နယ်ရှိ စာစစ်ဌာန ခြောက်ခုတွင် ကျောင်းသား ကျောင်းသူ ၃၇၂ ဦး၊ တပ်ကုန်းမြို့နယ်ရှိ စာစစ်ဌာနနှစ်ခုတွင် ကျောင်းသား ကျောင်းသူ ၉၂၄ ဦး၊ ဇေယျာသီရိမြို့နယ်ရှိ စာစစ်ဌာနလေးခုတွင် ကျောင်းသား ကျောင်းသူ ၈၄၆ ဦး၊ ပုဗ္ဗသီရိမြို့နယ်ရှိ စာစစ်ဌာနငါးခုတွင် ကျောင်းသား ကျောင်းသူ ၉၈၃ ဦး ၊ ပျဉ်းမနားမြို့နယ်ရှိ စာစစ်ဌာနလေးခုတွင် ကျောင်းသား ကျောင်းသူ ၁၂၇၅ ဦး၊ ဇမ္ဗူသီရိမြို့နယ်ရှိ စာစစ်ဌာနခြောက်ခုတွင် ကျောင်းသား ကျောင်းသူ ၁၀၄၉ ဦး ၊ လယ်ဝေးမြို့နယ် ရှိ စာစစ်ဌာန ၁၀ ခုတွင် ကျောင်းသား ကျောင်းသူ ၁၄၇၃ ဦး ၊ ဒက္ခိဏသီရိမြို့နယ်ရှိ စာစစ်ဌာနနှစ်ခုတွင် ကျောင်းသား ကျောင်းသူ ၁၈၁ ဦး စုစုပေါင်းစာစစ်ဌာန ၃၉ ခု ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၁၀၃ ဦးတို့ လျှောက်လွှာ(ဖောင်)များ တင်ထားပြီး သက်ဆိုင်ရာမြို့နယ်များအလိုက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း နေပြည်တော်ပညာရေးမှူးရုံးမှ သိရသည်။

**ထွန်းထွန်းဝင်း (ပြန်/ဆက်)**

# ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**ပြန်ကြားရေးဝန်ကြီးဌာန၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**



ထမနဲထိုးပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး ဒေါ်ခင်ဆွေဝင်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်ဇနီး ဒေါ်ဝင်းရီ၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် ထမနဲထိုးပြိုင်ပွဲကို မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ လည်းကောင်း၊ တစ်ဦးတစ်ယောက်ကောင်း မဟုတ်ဘဲ ပြိုင်ပွဲဝင်များ၏ အားထည့်မှု၊ စေတနာပါမှု၊ ကျွမ်းကျင်မှုနှင့် အားပေးကြသူများ၏ ဝန်းရံမှုဖြင့် လည်းကောင်း ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ ထမနဲပွဲသည် စုပေါင်းညီညာမှုအပြင် ဉာဏ်ရည်ဉာဏ်သွေး၊ ပူးပေါင်းဆောင်ရွက်မှု၊ အားပေးမှုများနှင့် ဆောင်ရွက်ရသည့် အနှစ်သာရရှိသော ပွဲတစ်ခုဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များနှင့် အားပေးသူများအနေဖြင့် အနိုင်အရှုံး အဓိကမဟုတ်ဘဲ ပျော်ပျော်ပါးပါး ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အထဖြင့် အတတ်နိုင်ဆုံး ညီညီညွတ်ညွတ် ကြိုးစား ယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး ဒေါ်ခင်ဆွေဝင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို ကြည့်ရှုအားပေးစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ပြိုင်ပွဲဝင် အသင်းငါးသင်း၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နှစ်သိမ့်ဆုများ ရရှိကြသည့် အသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တတိယဆုရရှိသည့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနအသင်းကို အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်ကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ဝန်ကြီးရုံးအသင်းကို ဒုတိယဝန်ကြီး ဦးရဲတင့်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပထမဆုရရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆုပေးအပ်ချီးမြှင့်ပြီး အားပေးမှုအကောင်းဆုံးဆုရရှိသည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအား ပြည်ထောင်စုဝန်ကြီးက အထူးဆု ပေးအပ်ချီးမြှင့်ခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပထမဆုရရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကလေးအလုပ်သမားပပျောက်ရေး အလုပ်ရုံဆွေးနွေး

**မုံရွာ ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ အလုပ်ရုံ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ တိုင်းဒေသကြီး အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်ကို ၁၉၉၁ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ရက်ပေါင်း ၃၀ အကြာတွင် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ကြောင်း၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်အရ ကလေးဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆိုကြောင်း၊ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးမှုကို တိုင်းတာရာတွင် လူ့စွမ်းအား အရင်းအမြစ်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါကြောင်း၊ အရည်အချင်းပြည့်ဝပြီး ကျွမ်းကျင်မှုရှိသည့် အလုပ်သမားများ ဖြစ်ပေါ်လာစေရန် အသိပညာ၊ အတတ်ပညာများ ပြည့်ဝရမည်ဖြစ်ကြောင်းနှင့် ကလေးသူငယ်ဘဝမှစ၍ ကျန်းမာကြံ့ခိုင်သော ကလေးသူငယ်များအဖြစ် အရင်ပြုစုပျိုးထောင်ပြီး အသိပညာ၊ အတတ်ပညာများ ပြည့်ဝအောင် လေ့ကျင့်ပေးနိုင်မှသာလျှင် နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးက အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တိုင်းဒေသကြီး ခရိုင်၊ မြို့နယ်အဆင့် မိတ်ဖက်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## (၅၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို "The Fight Against Zoonotic Diseases: A one Health Approach" – "တိရစ္ဆာန်မှတစ်ဆင့် ကူးစက်နိုင်သောရောဂါများကို တစ်ခုတည်းသော ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့" ဆောင်ပုဒ်နှင့် ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် အခြေခံသုတေသနစာတမ်း ၁၈ စောင်၊ အသုံးချသုတေသနစာတမ်း ၃၂ စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း ၈ စောင်၊ သုတေသနပိုစတာစာတမ်း ၃၄ စောင်တို့ကို တင်သွင်းဖတ်ကြားပြသသွားရန် စီစဉ်ထားရှိသည်။

ပြည်တွင်းမှ မြန်မာသုတေသီများသာမက အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံများမှ ပညာရှင်များပူးပေါင်း၍ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

ညီလာခံကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ မှ ၂၄ ရက်အတွင်း ဆေးသုတေသနဦးစီးဌာန၊ အမှတ်(၅) ဇီဝကလမ်း၊ ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။

**သတင်းစဉ်**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# သိပ္ပံ၊နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ အာဆီယံ - ရုရှားဝန်ကြီးများ အစည်းအဝေးကျင်းပ




နေပြည်တော် ဖေဖော်ဝါရီ ၁၄

**ရုရှားဖက်ဒရေးရှင်းနိုင်ငံက ကြီးမှူးကျင်းပသည့် သိပ္ပံ၊နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ အာဆီယံ – ရုရှားဝန်ကြီးများ အစည်းအဝေးကို ယနေ့တွင် Virtual စနစ်ဖြင့် ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် နေပြည်တော်မှ ပါဝင်တက်ရောက်သည်။** (ယာပုံ)

အဆိုပါ အစည်းအဝေးသည် အာဆီယံ – ရုရှား သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး–၂၀၂၂ ၏ အဓိကကျသော အစီအစဉ်တစ်ရပ်ဖြစ်ပြီး အာဆီယံနှင့် ရုရှားနိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူဖြစ်စေရန် ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများရှိ တက္ကသိုလ်များ၊ ပညာရေးဆိုင်ရာ ကျောင်းများနှင့် သုတေသန စင်တာများအပြင် ပူးတွဲသုတေသန စီမံကိန်းများကိုပါ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ၂၀၂၃ ခုနှစ်သည် အာဆီယံ – ရုရှား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (၅)နှစ်ပြည့် အထိမ်းအမှတ်ဖြစ်သည့်အတွက် အာဆီယံ–ရုရှား သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးကို သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်သည်။

အစည်းအဝေးတွင် နိုင်ငံအလိုက် သိပ္ပံ၊နည်းပညာနှင့် တီထွင်ဆန်းသစ်မှုနယ်ပယ်တွင် ဦးစားပေးဆောင်ရွက်မှုကို အသိပညာများ မျှဝေဖလှယ်ခဲ့ကြပြီး ရုရှားနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိပ္ပံ၊နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုနယ်ပယ်တွင် ဆောင်ရွက်နေသည့် ဦးစားပေး အစီအစဉ်များနှင့် ဆောင်ရွက်မှုများကို ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့် အဆင့်မြင့်ပညာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Valery Falkov နှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ စသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာဝန်ကြီးများ၊ သက်ဆိုင်ရာနိုင်ငံအလိုက် ကော်မတီဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေး ဝန်ကြီးဌာန၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်အောင်မြင်ခဲ့မှု၊ နယ်စပ်ဒေသများတွင် ငှက်ဖျားရောဂါ၊ ခုခံကျ/ကာလသားရောဂါ၊ တီဘီရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးကိစ္စ၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Thailand International Cooperation Agency: TICA)၏ အထောက်အပံ့ဖြင့် အဆင့်မြင့်ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းကိစ္စ၊ ထိုင်းနိုင်ငံမှ ဆေးပညာရပ်ဆိုင်ရာ တက္ကသိုလ်များနှင့် နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုး၍ ဆေးပညာသင်ကြားမှု တိုးမြှင့်ရေးကိစ္စ၊ နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စု ဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန)၊ ညွှန်ကြားရေးမှူးချုပ်(ကုသရေးဦးစီးဌာန)၊ ညွှန်ကြားရေးမှူးချုပ် (ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန)နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကံမမြို့နယ် အခြေခံပညာကျောင်းများ၌ ကျောင်းတွင်းစစ် စာမေးပွဲ စတင်ဖြေဆို

**ကံမ ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် အခြေခံပညာကျောင်းများ၌ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အတန်းအလိုက် ကျောင်းတွင်းစစ် စာမေးပွဲကို ယနေ့နံနက် ၉ နာရီက စတင်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိသည်။

ကံမမြို့နယ်အတွင်း အခြေခံပညာကျောင်း စုစုပေါင်း ၁၂၉ ကျောင်းရှိပြီး မူလတန်းကျောင်း ၉၅ ကျောင်း၊ မူလတန်းကျောင်းခွဲ နှစ်ကျောင်း၊ မူလတန်းလွန်ကျောင်း ရှစ်ကျောင်း၊ အလယ်တန်းကျောင်း ခြောက်ကျောင်း၊ အလယ်တန်းကျောင်းခွဲ ရှစ်ကျောင်း၊ အထက်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်းခွဲ သုံးကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း တစ်ကျောင်းတို့၌ ကျောင်းသား ကျောင်းသူ ၈၄၄၆ ဦးတို့ အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ကျော်ဇေယျာဝင်း(ကံမ)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“နိုင်ငံပိုင်အဆောက်အဦများအား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှု”** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အပြစ်မဲ့ပြည်သူများအပေါ် ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ပြီး အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် တရားခံများအားဖမ်းဆီးရမိ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉–၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်သည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းပြေ၏။**

မြန်မာ - ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး

# အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲနေမည့် မြန်မာ - ရုရှား ဆက်ဆံရေး

ဒေါက်တာနိုင်ဆွေဦး

**နိဒါန်း**

မြန်မာ - ရုရှား နှစ်နိုင်ငံ ဆက်ဆံရေးသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး တစ်လအကြာ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလကတည်းကပင် စတင်ခဲ့ပါသည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် မြန်မာ - ရုရှား သံတမန်ဆက်ဆံရေးသည် (၇၅) နှစ်မြောက် စိန်ရတုသို့တိုင် ရောက်ရှိလာတော့မည် ဖြစ်ပါသည်။

ကာလရှည် ချစ်ကြည်ရင်းနှီးခဲ့သော နှစ်နိုင်ငံဆက်ဆံရေးသည် ပြီးခဲ့သည့် ဆယ်စုနှစ် နှစ်စုကျော်အကြာတွင်တော့ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပိုမိုသက်ဝင်လာခဲ့ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီကဲ့သို့သော ကမ္ဘာ့စင်မြင့်များတွင်လည်း ရုရှားအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးခဲ့သည့် သာဓကများစွာ ရှိပါသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ပထဝီအနေအထားအရ မိုင်ပေါင်း ၄၀၀၀ ကျော် (ကီလိုမီတာအားဖြင့် ၆၅၀၀ ကျော်) ဝေးကွာနေသော်လည်း ယနေ့ မျက်မှောက်ကာလတွင် နှစ်နိုင်ငံအကြား ဆက်ဆံရေးမှာ မဟာဗျူဟာ မိတ်ဖက် အဆင့်အတန်းဖြင့် ညီအစ်ကိုရင်းများသဖွယ် ချစ်ခင်ရင်းနှီးစွာဖြင့် တည်တံ့လျက်ရှိပါသည်။ သမိုင်းကြောင်းကို ပြန်ပြောင်း လေ့လာကြည့်မည်ဆိုလျှင်လည်း ယနေ့ကာလသည် နှစ်နိုင်ငံဆက်ဆံရေးတွင် အထွန်းလင်း အတောက်ပဆုံးအချိန်ဟု ဆိုနိုင်ပါသည်။ စိန်ရတုကာလနှင့် တိုက်ဆိုင်နေသည်ဟုလည်း ဆိုရပါမည်။

**မျက်မှောက်ကာလ**

**မြန်မာ - ရုရှားဆက်ဆံရေး**

မျက်မှောက်ခေတ် မြန်မာနှင့် ရုရှား ဖက်ဒရေးရှင်း နှစ်နိုင်ငံ ဆက်ဆံရေးသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ပိုမိုခိုင်မာကြောင်း တွေ့ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စုသည် မြန်မာနိုင်ငံနှင့် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ပြီး ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားပြီးနောက်ပိုင်းတွင်လည်း ယခုအခြေအနေအထိလည်း ဆက်လက်ခိုင်မြဲတည်ရှိနေခြင်း ဖြစ်ပါသည်။

မြန်မာနှင့် ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်သည့် (၇၅) နှစ်မြောက် နှစ်ပတ်လည်နေ့ကို မြန်မာနိုင်ငံနှင့် ရုရှားနှစ်နိုင်ငံလုံးတွင် ခမ်းနားကြီးကျယ်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ဆယ်စုနှစ်စုကျော်အကြာတွင် နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် အထူးသဖြင့် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍများတွင် ပိုမိုခိုင်မာအားကောင်းလာခဲ့ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။(၇-၉-၂၀၂၂) ရက်

**"လူ့စွမ်းအားအရင်းအမြစ်သည် ခေတ်မီတပ်မတော် တည်ဆောက်ရေးတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိ၊ တပ်တော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာဝန်ယူချိန်မှစတင်ကာ တပ်မတော်အတွင်း လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးကို ဦးစားပေးလုပ်ဆောင်ခဲ့၊ ထို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ ပညာတော်သင်အများအပြား စေလွှတ်ခဲ့၊ ယခုအခါ ရုရှားနိုင်ငံတွင် ဘွဲ့လွန်သင်တန်း တက်ရောက်ပြီးစီးအောင်မြင်သည့် တပ်မတော်အရာရှိ ၆၀၀၀ ကျော်အား မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်"**

လွန်ခဲ့သည့် နှစ်အနည်းငယ်တွင်မူ ထိုကဏ္ဍများတွင်သာမက အခြားသော ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာခဲ့ပါသည်။ မကြာသေးမီက လျှပ်စစ်နှင့် စွမ်းအင်၊ အာကာသနှင့် နျူကလီးယားစွမ်းအင်ကဏ္ဍများအပါအဝင် အခြားကဏ္ဍများတွင် ပူးပေါင်းလုပ်ဆောင်ရန် အခွင့်အလမ်းများ ပေါ်ထွက်လာခဲ့ပါသည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်မြို့တော်၌ ရုရှားနှင့် မြန်မာတို့ ပူးပေါင်းတည်ဆောက်သည့်နျူကလီးယား နည်းပညာ သတင်းအချက်အလက်စင်တာ (Nuclear Technology Information Center)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်ကို တွေ့ရှိရပါသည်။

မျက်မှောက်ကာလ မြန်မာ - ရုရှား နှစ်နိုင်ငံဆက်ဆံရေးကို လေ့လာကြည့်မည်ဆိုလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် လက်ထက်တွင် ပိုမိုသိသာထင်ရှားစွာ တိုးတက်စည်ပင်လာခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အဖြစ် စတင်တာဝန်ယူသည့် ၂၀၁၁ ခုနှစ်ကတည်းကပင် စတင်ကာ တပ်မတော် တည်ဆောက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ တပ်မတော်ကို တည်ဆောက်ရာတွင် စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော် Standard Army ဟူသော အယူအဆကို ဖော်ထုတ်ခဲ့ကြောင်း တွေ့ရပါသည်။

လူ့စွမ်းအား အရင်းအမြစ်သည် ခေတ်မီတပ်မတော် တည်ဆောက်ရေးတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာဝန်ယူချိန်မှ စတင်ကာ တပ်မတော်အတွင်း လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးကို ဦးစားပေးလုပ်ဆောင်ခဲ့ပါသည်။ ထို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ ပညာတော်သင် အများအပြား စေလွှတ်ခဲ့ပါသည်။ ယခုအခါ ရုရှားနိုင်ငံတွင် ဘွဲ့လွန်သင်တန်း တက်ရောက်ပြီးစီး အောင်မြင်သည့် တပ်မတော်အရာရှိ ၆၀၀၀ ကျော်အား မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

ထိုအရာရှိများအနက် ၁၁ ဦးသည် ရုရှားနိုင်ငံ၏ အမြင့်ဆုံးဘွဲ့ဖြစ်သော Doctor of Technical Science (DSc.) ဘွဲ့အား ထိုက်ထိုက်တန်တန်ရရှိခဲ့ပြီး ဖြစ်ပါသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ပညာတော်သင်စေလွှတ်ရာတွင် တပ်မတော် အရာရှိများသာမကဘဲ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနမှ လက်ထောက်ကထိကဆရာများကိုပါ စေလွှတ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုဆရာများသည်လည်း ယခုအခါ သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် အဆင့်မြင့်ရာထူးများ ရရှိတာဝန်ထမ်းဆောင်နေကြပြီ ဖြစ်ပါသည်။ ဤသည်မှာ နိုင်ငံတော်အား ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းမှုဖြစ်သည်ဟု သုံးသပ်မိပါသည်။

စာရေးသူသည်လည်း နိုင်ငံတော်၏ စေလွှတ်မှုဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အဆင့်မြင့်ဆုံး တက္ကသိုလ်ဖြစ်သည့် မော်စကိုနိုင်ငံတော်တက္ကသိုလ် (Moscow State University) တွင် ဆေးပညာဘွဲ့လွန်သင်တန်းများ တက်ရောက်သင်ကြားဖူးပါသည်။

မြန်မာ့တပ်မတော်အနေဖြင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာများ အထောက်အကူပြုနိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့် (Conference on Science and Technology) များကို နှစ်စဉ်ကျင်းပပြုလုပ်ပေးလျက်ရှိရာ ရုရှားနိုင်ငံရှိ တက္ကသိုလ်များမှ ပါမောက္ခများလည်း ပါဝင်ဆွေးနွေးကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ရုရှားနိုင်ငံတွင် ပြုလုပ်သည့် Caucus 2020 ကဲ့သို့သော စစ်ဘက်ဆိုင်ရာ ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်းများသို့လည်း ပုံမှန် စေလွှတ်ကာ ပါဝင်လေ့ကျင့်စေလျက်ရှိပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် International Army Games ပြိုင်ပွဲများ၌ မြန်မာ့တပ်မတော်မှ တင့်ကားပြိုင်ပွဲဝင်အဖွဲ့၊ ဆေးတပ်ဖွဲ့ ပြိုင်ပွဲဝင်အဖွဲ့၊ လက်ဖြောင့်ရိုင်ဖယ် ပြိုင်ပွဲဝင်အဖွဲ့နှင့် လေကြောင်းချီတပ်ဖွဲ့ ပြိုင်ပွဲဝင်အဖွဲ့များသည် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပါသည်။ ထို International Army Games ၏ Tank Biathlon ပြိုင်ပွဲသို့ သံချပ်ကာယန္တရားတပ်ဖွဲ့အနေဖြင့် နှစ်စဉ်ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ၂၀၂၂ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် Tank Biathlon ပြိုင်ပွဲ၏ Division-2 တွင် မြန်မာ့တပ်မတော် သံချပ်ကာယန္တရားတပ်ဖွဲ့အနေဖြင့် ပထမဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်ခြင်းမှသည် မိမိနိုင်ငံ တပ်မတော်သားများ၏ တိုက်ခိုက်ရေးစွမ်းရည်တိုးတက်စေရန် လုပ်ဆောင်နိုင်ခဲ့ကြောင်း တွေ့ရှိနိုင်ပါသည်။

၂၀၂၂ ခုနှစ် တတိယအကြိမ်မြောက် နိုင်ငံတကာ ဗိုလ်လောင်းများ အားကစားပြိုင်ပွဲကို စိန့်ပီတာစဘတ်မြို့၌ ပြုလုပ်ရာ မြန်မာ့တပ်မတော် တပ်မတော်စစ်ကျောင်းကြီးများမှ ဗိုလ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ပြိုင်ပွဲအမျိုးအစား ၂၀ အနက် သုံးမျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရှိရပါသည်။ ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၀ အနက် မြန်မာတပ်မတော် ဗိုလ်လောင်းများအနေဖြင့် နိုင်ငံအလိုက်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

အဆင့် ၈ ရရှိခဲ့ပါသည်။ တစ်ဦးချင်းအနေဖြင့်လည်း ရွှေတံဆိပ်နှင့် ငွေတံဆိပ် ဆုတံဆိပ်များလည်း ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံမှ ဗိုလ်လောင်းများသည် ပထမဆုံး အတွေ့အကြုံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်သော်လည်း ၎င်းတို့၏ ကြိုးစားအားထုတ်မှုကြောင့် ဆုတံဆိပ်များ ရရှိခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။ ဗိုလ်လောင်းဘဝမှာပင် နိုင်ငံတကာအတွေ့အကြုံများ ရရှိခဲ့ကြသည်။ နောက်နှစ်များတွင်လည်း ယခုကဲ့သို့ပင် စေလွှတ်ဝင်ရောက်ယှဉ်ပြိုင်စေမည်ဆိုလျှင် ၎င်းတို့အတွက် အတွေ့အကြုံကောင်းများ ရရှိလာမည်ဖြစ်သည်။ နိုင်ငံအချင်းချင်း ဆက်ဆံရေးတွင်လည်း ပိုမိုတိုးတက်ကောင်းမွန်စေရန် တည်ဆောက်လာနိုင်မည်ဟု သုံးသပ်မိပါသည်။

နှစ်နိုင်ငံ ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်သည့် ရုရှား-မြန်မာ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် (Russia – Myanmar Commission on Military Technical Cooperation ကို ဖွဲ့စည်းထားရှိကာ နှစ်နိုင်ငံ စစ်ဘက်နည်းပညာဆိုင်ရာ ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုကော်မရှင်အနေဖြင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာ့တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံက လူသားအရင်းအမြစ်ဆိုင်ရာ၊ နည်းပညာရပ်ပိုင်းဆိုင်ရာတို့တွင် လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့မှုအခြေအနေ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသည့် ကာကွယ်ရေးစွမ်းရည်တိုးမြှင့်ရေးဆိုင်ရာ ပြိုင်ပွဲများနှင့် လေ့ကျင့်ရေးဆောင်ရွက်မှုများတွင် မြန်မာ့တပ်မတော်မှ ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပါဝင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံ ကာကွယ်ရေးပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပြင် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ကဏ္ဍပေါင်းစုံ၌ တိုးမြှင့်လုပ်ဆောင်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ပုံမှန်အမြင်ချင်းဖလှယ်တွေ့ဆုံဆွေးနွေး လုပ်ဆောင်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာရာတွင် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်အား ယခုနှစ် စက်တင်ဘာလ ၅ ရက်မှ ၈ ရက်နေ့အထိ ရုရှားနိုင်ငံ အရှေ့ပိုင်း ဗလာဒီဗော့စ်တော့ခ်ရှိ အရှေ့ဖျား ဖက်ဒရယ်တက္ကသိုလ်ဝင်း (Far Eastern Federal University – FEFU) တွင် ကျင်းပခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထို (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum – 2022) ၏ မျက်နှာစုံညီအစည်းအဝေး (Plenary Session) ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ထိုမျက်နှာစုံညီ အစည်းအဝေးတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "စားနပ်ရိက္ခာလုံခြုံရေး (Food Security) ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာ လူသားများ အသက်ရှင်နေထိုင်လှုပ်ရှားသွားလာရန် လိုအပ်သော စွမ်းအင် (Energy) ကို အစားအသောက်များမှ ရရှိခြင်းဖြစ်သည့်အားလျော်စွာ စားနပ်ရိက္ခာလုံခြုံမှုရှိရေး (Food Security) သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သက်ရှိလူသားများအားလုံးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး လိုအပ်ချက်တစ်ခုပင် ဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာလုံခြုံရေး (Food Security) ဆိုသည်မှာ နိုင်ငံတစ်ခုအတွင်း နေထိုင်ရှင်သန် ရပ်တည်လျက်ရှိသည့် သက်ရှိများအားလုံးအတွက် လုံလောက်သော စားနပ်ရိက္ခာ ထောက်ပံ့ပေးနိုင်ခြင်းပင်ဖြစ်သည်ဟု လွန်ခဲ့သော ဆယ်စုနှစ်များစွာတိုင်အောင် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါကြောင်း၊ သို့ရာတွင် ဖွံ့ဖြိုးတိုးတက်လာသော ကုန်သွယ်ရေးလုပ်ငန်းများနှင့်အပြိုင် နိုင်ငံအသီးသီးအလိုက် စားသုံးကုန်များ ထုတ်လုပ်လာရာမှ ယနေ့ခေတ်တွင် အဆိုပါအဓိပ္ပာယ်ဖွင့်ဆိုမှုသည် ပြောင်းလဲလာခဲ့ပြီ ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် ပြည်တွင်း၌ မထုတ်လုပ်နိုင်သည့် စားသုံးကုန်များကို နိုင်ငံတကာဈေးကွက်တွင် ဝယ်ယူတင်သွင်းမှုများ ပြုလုပ်လာကြသဖြင့် ဘဏ္ဍာရေးလုံခြုံမှု (Financial Security) သည် စားနပ်ရိက္ခာလုံခြုံရေး (Food Security) အပေါ် လွှမ်းမိုးလာလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း ထည့်သွင်းဆွေးနွေးသွားခဲ့ပါသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်ကို တွေ့ရသည်။ ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် (၇၅) နှစ် ပြည့်မြောက်တော့မည်ဖြစ်ပြီး ထူးခြားသည့် သမိုင်းကြောင်းရှိသည့် ဆက်ဆံရေးဖြစ်ကြောင်း ထည့်သွင်း ဆွေးနွေးထားသည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရာတွင်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု၊ နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သိပ္ပံနှင့်နည်းပညာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ အပြန်အလှန် တိုးတက်လာစေရေး၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံစေရေး ဖိတ်ခေါ်မှုများ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြု၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးချနိုင်ရေးတို့ အပါအဝင် ကဏ္ဍပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း လေ့လာတွေ့ရှိရသည်။ ထိုသည်တို့ကို ကြည့်ခြင်းအားဖြင့် အနာဂတ်တွင် နှစ်နိုင်ငံအကြား ဘက်စုံကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်လာဖွယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

မကြာသေးမီက ရုရှားနှင့် တရုတ်တို့ ဦးဆောင်ပါဝင်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organization – SCO) သို့ ဆွေးနွေးဖက်နိုင်ငံ (Dialogue Partner) အဖြစ် ဝင်ရောက်ရန် မြန်မာနိုင်ငံ၏ လျှောက်ထားမှုအား အတည်ပြုလက်ခံခဲ့ခြင်းကို ကြည့်ခြင်းအားဖြင့် နှစ်နိုင်ငံချင်းသာမက နိုင်ငံစုံဆက်ဆံရေး တိုးတက်လာသည်ကို တွေ့ရှိနိုင်ပါသည်။ မဝေးတော့သည့် အနာဂတ်တွင်လည်း မြန်မာနိုင်ငံအား Observer အဆင့် အတန်း ပေးအပ်ဖွယ်ရှိသည်ဟု သုံးသပ်မိပါသည်။ ထိုမှတစ်ဆင့်တက်ကာ SCO အဖွဲ့ဝင်အဖြစ်သို့ တက်လှမ်းသွားသင့်ပါသည်။ စစ်အေးတိုက်ပွဲပြီးဆုံးချိန် Bipolar World အဆုံးသတ်ပြီးနောက် အမေရိကန် ဦးဆောင်သည့် Unipolar World သာ ကျန်ရှိခဲ့ပါသည်။ နောက်ပိုင်း တရုတ်နှင့် ရုရှားအင်အားကြီးထွားလာမှု၊ သဘောထားတူညီရာဖြစ်စေ၊ ပထဝီအနေအထားတူရာဖြစ်စေ နိုင်ငံများစုပေါင်းပြီး ဒေသတွင်းပူပေါင်းဆောင်ရွက်မှု အစုအဖွဲ့များ (Regional Cooperation Organizations) (ဥပမာ Shanghai Cooperation Organization (SCO), BRICS, BRICS Plus) များ ဖွဲ့စည်းလာခြင်းသည် ဗဟုဝင်ရိုးကမ္ဘာခေါ် Multipolar World အား ဦးတည်လာခြင်းဖြစ်သည်။ လက်ရှိ ကမ္ဘာ့အခင်းအကျင်းသည် စိတ်ဝင်စားစရာများဖြင့် ပြည့်နှက်လျက်ရှိပါသည်။

နှစ်နိုင်ငံလုံးအတွက် ပိုမိုကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည့်ကဏ္ဍသည် Think Tanks များ အချင်းချင်းဆက်ဆံရေးနှင့် ပညာရပ်ဆိုင်ရာ Institution များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးတို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် "Think Tank" ဆိုသည့် စကားလုံးအား လူအများစုက ရင်းနှီးကျွမ်းဝင်ခြင်း မရှိကြပါ။ အကြံပေးပညာရှင် အဖွဲ့အစည်းများသည် ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် အမျိုးသားရေးဆိုင်ရာ မူဝါဒများချမှတ်ရာတွင် အဓိကအခန်းကဏ္ဍကနေ ပါဝင်လုပ်ဆောင်ကြိုးပမ်းနေကြသည့် သုတေသနအဖွဲ့များဖြစ်ပါသည်။ အကြံပေးပညာရှင် အဖွဲ့အစည်းများသည် နိုင်ငံရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ လုံခြုံရေး၊ ပတ်ဝန်းကျင်၊ သိပ္ပံနှင့်နည်းပညာ စသည့်နယ်ပယ်များစွာတွင် သုတေသနနှင့် အကြံပေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြပါသည်။

၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း စာရေးသူသည် ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းသို့ သွားရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း စိန့်ပီတာစဘတ်မြို့တော်အစိုးရ ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ ဗီတာလီ ဆိုလိုနက်စကီး၊ The Alexander Gorchakov Public Diplomacy Fund တို့အပါအဝင် မော်စကိုနှင့် စိန့်ပီတာစဘတ်မြို့ အခြေစိုက် Think Tanks များနှင့် တွေ့ဆုံမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုခရီးစဉ်အတွင်း သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့နှင့် စိန့်ပီတာစဘတ်မြို့တော် အခြေစိုက် Omega LLC တို့အကြား သုတေသနနှင့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုသဘောတူစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ဆက်လက်ပြီးလည်း The Alexander Gorchakov Public Diplomacy Fund နှင့် သဘောတူညီချက်အရ သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့က မြန်မာနိုင်ငံမှ လူငယ်ပညာတော်သင်များကို ရုရှားနိုင်ငံသို့ ဂျာနယ်လစ်ဇင်နှင့် အခြားကဏ္ဍများတွင် လေ့လာရန် သုံးလအတွင်း နှစ်ကြိမ် စေလွှတ်နိုင်ခဲ့ပါသည်။

အပြန်အလှန်အားဖြင့် သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့၏ ဖိတ်ကြားမှုအရ Moscow State Institute of International Relations (MGIMO University) နှင့် People' Friendship University of Russia (RUDN University) တို့မှ ဒုတိယပါမောက္ခချုပ်များအပါအဝင် ရုရှားနိုင်ငံမှ နာမည်ကျော် တက္ကသိုလ်များနှင့် အခြားအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ယမန်နှစ် နိုဝင်ဘာလအတွင်းက တစ်ပတ်ကြာ လာရောက်လေ့လာလည်ပတ်ခဲ့ပါသည်။ ၎င်းကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခွင့် ရရှိခဲ့ပါသည်။ အဆိုပါခရီးစဉ်သည် အလွန်ပင် အောင်မြင်သည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်း နှစ်ဖက်လုံးက အသိအမှတ်ပြုကြပါသည်။ ထိုခရီးစဉ်အတွင်း သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့နှင့် ရုရှားနိုင်ငံ Moscow State Institute of International Relations (MGIMO University) တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

- **ခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်ကို တွေ့ရသည်။ ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် (၇၅) နှစ် ပြည့်မြောက်တော့မည်ဖြစ်ပြီး ထူးခြားသည့် သမိုင်းကြောင်းရှိသည့် ဆက်ဆံရေးဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးထားသည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရာတွင်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သိပ္ပံနှင့်နည်းပညာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ အပြန်အလှန်တိုးတက်လာစေရေး၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံစေရေး ဖိတ်ခေါ်မှုများ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးချနိုင်ရေးတို့ အပါအဝင် ကဏ္ဍပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း လေ့လာတွေ့ ရှိရသည်။ ထိုသည်တို့ကို ကြည့်ခြင်းအားဖြင့် အနာဂတ်တွင် နှစ်နိုင်ငံအကြား ဘက်စုံကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်လာဖွယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။**

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

စာရေးသူအနေဖြင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့က ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး၊ စိန့်ပီတာစဘတ်မြို့တော် ပြည်ပဆက်ဆံရေးကော်မတီနှင့် စိန့်ပီတာစဘတ်ရေကြောင်း နည်းပညာတက္ကသိုလ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ရုရှား-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်သည့် (၇၅) နှစ်မြောက် စိန်ရတု နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကွန်ဖရန့်တွင် တက်ရောက်ဆွေးနွေးခွင့် ရရှိခဲ့ပါသည်။ အထက်ပါ အကြောင်းအရာများသည် မြန်မာနှင့် ရုရှား နှစ်နိုင်ငံဆက်ဆံရေး တိုးတက် ကောင်းမွန်စေရေးအတွက် အကြံပေးပညာရှင်အဖွဲ့များ (Think Tanks) များ၏ လုပ်ဆောင်မှုများ ဖြစ်ပါသည်။ ရှေ့ဆက်လက်၍လည်း နှစ်နိုင်ငံ အကြံပေးပညာရှင်အဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုများအား တိုးချဲ့လုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။

**နိဂုံး**

ရုရှားနိုင်ငံခြားရေး မူဝါဒဖြစ်သည့် ဗဟုကမ္ဘာသို့ ဦးတည်ရာလမ်းကြောင်းသွယ် (The Path to Multipolar World) ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အရှေ့ဖျားစီးပွားရေးဖိုရမ် (Eastern Economic Forum) တို့ကဲ့သို့သော စီးပွားရေးဖိုရမ်များက အရေးပါလျက်ရှိနေသည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၆ ရက်က ပြုလုပ်သည့် (၁၀) ကြိမ်မြောက် မော်စကို နိုင်ငံတကာလုံခြုံရေး ဆွေးနွေးပွဲ (The X Moscow Conference on International Security) ဖွင့်ပွဲတွင် သမ္မတ ဗလာဒီမာပူတင်က ဧကဝင်ရိုးကမ္ဘာဆိုသည်မှာ အတိတ်တွင် ကျန်ခဲ့ပြီဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။ ကာကွယ်ရေးဝန်ကြီး General of the Army ရှိုင်းဂူကလည်း အမေရိကန်နှင့် ၎င်းမဟာမိတ်များ၏ အကြွင်းမဲ့ လွှမ်းမိုးချုပ်ကိုင်မှုသည် အတိတ်က အရာဖြစ်သွားပြီ။ ယူကရိန်းတွင် အထူးစစ်ဆင်ရေး စတင်ဆင်နွှဲသည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှစပြီး ဧကဝင်ရိုးကမ္ဘာ အဆုံးသတ်သွားခြင်းဖြစ်သည်ဟု ပြောကြားခဲ့ပါသေးသည်။

အမေရိကန်ဦးဆောင်နေသည့် ဧကဝင်ရိုးကမ္ဘာ (Unipolar World) ကို အဆုံးသတ်စေပြီး ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) အစပျိုးရန် လုပ်ဆောင်နေသည်ကို မြင်တွေ့ရမည် ဖြစ်ပါသည်။ ရုရှားသည် အရှေ့တောင်အာရှဒေသအတွင်းတွင် လာအို၊ ဗီယက်နမ်၊ မြန်မာတို့နှင့် ပိုမိုရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေးရှိပါသည်။ ရုရှားသည် အရှေ့တောင်အာရှဒေသအပါအဝင် အာရှ-ပစိဖိတ်ဒေသကြီးအား ယခင်ကထက် ပိုမိုအလေးထားလာသည်ကို တွေ့ရှိရသည်။

မိမိတို့မြန်မာနိုင်ငံသည့် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို လက်ခံကျင့်သုံးလျက်ရှိပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅) ရပ်ကို ကျင့်သုံးလျက်ရှိပါသည်။ ဘက်မလိုက်သည့်နိုင်ငံခြားရေးမူဝါဒအား ကျင့်သုံးလျက်ရှိသော်လည်း မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကိုလိုလားသော ရုရှားကဲ့သို့ မိတ်ဆွေနိုင်ငံများနှင့် ပိုမိုရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

မိမိတို့နှစ်နိုင်ငံသည် နှစ်ပေါင်းများစွာ မိတ်ဆွေကောင်းပီသစွာဖြင့် နေထိုင်ခဲ့ကြပါသည်။ သံတမန်ဆက်ဆံရေး ကောင်းမွန်သည်သာမက နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား မိတ်ဆွေကောင်း ပီသစွာဖြင့် ဆက်ဆံရေးကောင်းများကို တည်ဆောက်နိုင်ခဲ့ပါသည်။ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ အရပ်ဘက်ဆက်ဆံရေး၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကဏ္ဍတို့တွင်လည်း ခိုင်မာသည့် ဆက်ဆံရေးသမိုင်းကောင်းကို ဆက်လက်တည်ဆောက်သွားရမည်ဖြစ်ပါသည်။ သမ္မတပူတင်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံစဉ် မြန်မာသည် အရှေ့တောင်အာရှဒေသတွင် ကျွန်ုပ်တို့ ကာလရှည်လက်တွဲနေသည့် ယုံကြည်ရသော မိတ်ဖက်နိုင်ငံဖြစ်သည်ဟု ပြောကြားခဲ့သည်ကို တွေ့ရပါသည်။ မြန်မာနှင့် ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ် ပြည့်မြောက်သည့် ၂၀၂၃ ခုနှစ်မှသည် ကမ္ဘာတည်သရွေ့ ဆက်လက်အခွန့်ရှည် တည်တံ့ခိုင်မြဲပါစေကြောင်း ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။ ॥

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်နေ ဇေယျာရဲဆွေ (ခ) ဇေကြီးသည် ၎င်းအသုံးပြုသည့် “Zay Gyi” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကောလင်းမြို့နယ်နှင့် ဘုတလင်မြို့နယ်တို့၌ ဘုန်းကြီးကျောင်းနှင့် လူနေရပ်ကွက်များအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ဗုံးပစ်လောင်ချာ၊ လက်လုပ်စိန်ပြောင်းများဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် ကိုရင်ကြီး တစ်ပါး၊ ကိုရင် တစ်ပါးနှင့် ကလေးငယ် နှစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်နှင့် ဘုတလင်မြို့နယ်တို့၌ ဘုန်းကြီးကျောင်းနှင့် လူနေရပ်ကွက်များအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ဗုံးပစ်လောင်ချာ၊ လက်လုပ်စိန်ပြောင်းများဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် ကိုရင်ကြီးတစ်ပါး၊ ကိုရင်တစ်ပါးနှင့် ကလေးငယ် နှစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများသည် ခေါပြင်ချောင်းတံတားအနီးမှနေ၍ ကောလင်းမြို့နယ် ကျော်ဇေယျာရပ်ကွက်အတွင်းသို့ ဗုံးပစ်လောင်ချာများဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ရမ်းသန်းပစ်ခတ်ခဲ့ရာ ဗုံးသီးမှာ ကျောင်းသားကျောင်းသူများ စာသင်ကြားနေသည့် သုနန္ဒာရာမ ဘုန်းကြီးကျောင်းအတွင်းရှိ သာသနာရေးဝန်ကြီးဌာန အမှတ်(၂)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စာသင်ဆောင်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် စာသင်ဆောင်အတွင်း စာသင်ကြားနေသည့် ကိုရင် ရှင်အာသဖ (၁၄)နှစ်၊ ဝါတော် ၂ ဝါ၊ မောင်ဇင်ဝဏ္ဏဖြိုး(၁၃)နှစ် နှင့် မောင်ဝေလင်းအောင် (၁၄)နှစ်တို့တွင် ဗုံးသီးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၃ နာရီခန့်တွင် ဘုတလင်မြို့နယ် မြဝတီရပ်ကွက်နှင့် ခုံမင်းကြီးရပ်ကွက်များအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ရွှေတောင်ကျေးရွာအနီးနှင့် လွှဲတဲကျေးရွာဘက်မှနေ၍ လက်လုပ်စိန်ပြောင်းများဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် စိန်ပြောင်းဗုံးသီးများသည် မြဝတီရပ်ကွက်ရှိ မြို့နယ်စည်ပင်ရုံး၊ ရပ်ကွက်ဘောလုံးကွင်း၊ မြို့မဈေးရှေ့နှင့် ခုံမင်းကြီးရပ်ကွက်ရှိ ဆောင်တန်းကြီးဘုန်းကြီးကျောင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါဘုန်းကြီးကျောင်းရှိ ကိုရင်ကြီး ဦးဗိရိယ(ခ) ဦးဝင်းအောင်သန်း(၄၀)နှစ် တွင် ဗုံးသီးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ရေးပစ်မှတ်မဟုတ်သည့် ဘာသာရေးအဆောက်အအုံနှင့် လူနေရပ်ကွက်များအတွင်းသို့ ဗုံးပစ်လောင်ချာ၊ လက်လုပ်စိန်ပြောင်းများဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် ကိုရင်ကြီး တစ်ပါး၊ ကိုရင်တစ်ပါးနှင့် ကလေးငယ် နှစ်ဦးတို့အား ဒဏ်ရာရရှိစေခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက်ရှိ သုနန္ဒာရာမ ဘုန်းကြီးကျောင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခဲ့၍ ကိုရင်တစ်ပါးနှင့် ကျောင်းသား နှစ်ဦး ဒဏ်ရာရရှိခဲ့သည့် နေရာပြပုံ။

# မြန်မာ့သမိုင်းစဉ်နှင့်ပတ်သက်၍ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းဆိုင်ရာ အထောက်အထား အချက်အလက်များ ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄** မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို ရေးသားပြုစုနိုင်ရန်အတွက် ပရိုင်းမိတ်ကျောက်ဖြစ် ရုပ်ကြွင်းဆိုင်ရာ အထောက်အထားအချက်အလက်များ ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနနှင့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပရိုင်းမိတ်သုတေသနလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော ဌာနဆိုင်ရာဝန်ထမ်းများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနမှ ပရိုင်းမိတ် သုတေသနပညာရှင်များ၊ အငြိမ်းစားပညာရှင်ကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါ်နုမြဇံက မြန်မာ့သမိုင်းစဉ်အတွက် အခြေပြမြန်မာနိုင်ငံရေး သမိုင်းကိုသာ အားထားခဲ့ရာမှ ယခုအခါ ပြည်တွင်း ပြည်ပ ပညာရှင်များ၏ ရှေးဟောင်းသုတေသနနှင့် မြန်မာ့သမိုင်းဆိုင်ရာ တူးဖော်သုတေသနပြု တွေ့ရှိချက်အသစ်များ၊ အထောက်အထား အသစ်များ၊ ခိုင်မာသည့် ဓာတ်ခွဲခန်းများမှ သက်တမ်းတွက်ချက်မှုများ ထပ်မံတွေ့ရှိလာရပြီး သမိုင်းခေတ်တွင် ရုပ်လုံးပေါ် ပြည့်စုံလာပြီဖြစ်ကြောင်း၊ တစ်ဆက်တစ်စပ်တည်းသော သမိုင်းစဉ်ကို ပြုစုရာတွင် ပရိုင်းမိတ် အထောက်အထားတွေကို စတင်ပြုစုပြီး ခေတ်အဆက်ဆက်ကို ဆက်စပ်ချိတ်ဆက်ပေးရမည်ဖြစ်ကြောင်း၊ ကွင်းဆက်ပြတ်နေသည်များကို ချိတ်ဆက်ရန်အတွက် ယခုလို အစည်းအဝေးကို ပြုလုပ်ရခြင်း ဖြစ်ပါကြောင်း၊ တွေ့ရှိရသော အထောက်အထားများမှတစ်ဆင့် ခိုင်မာသော သမိုင်းစဉ်ကို သက်သေပြနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနမှ ပရိုင်းမိတ် သုတေသနပညာရှင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနနှင့် သမိုင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့မှ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော သမိုင်းစဉ်ကို ၂၀၂၂ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာ ကဏ္ဍအသီးသီးအလိုက် ခေါင်းစဉ်များကိုလည်း စာတမ်းဖတ်ပွဲများ အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါကြောင်း၊ ယခုအခါတွင် စာတမ်းဖတ်ပွဲ အဆင့်သာမက တော့ဘဲ စာအုပ်ထုတ်ဝေရန်အတွက် ညှိနှိုင်း၊ ဆွေးနွေးသည့်အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် ရရှိလာသော ရလဒ်များကို ပြင်ဆင်ဖြည့်စွက်၍ စာအုပ်ထုတ်ဝေမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲပြုလုပ်ပြီး သုံးသပ်၊ ညှိနှိုင်းသည့်အတွက် အထောက်အထားများ မှန်မှန်ကန်ကန် ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတွင် ပရိုင်းမိတ်ဆိုင်ရာ အထောက်အထားများနှင့် ပတ်သက်၍ ပါမောက္ခချုပ် ဒေါက်တာချစ်စိန်က ပုံတောင်ပရိုင်းမိတ်ဆိုင်ရာ သုတေသန အထောက်အထားများကို လည်းကောင်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ သောင်းထိုက်က ရောဝတီပရိုင်းမိတ်ဆိုင်ရာ သုတေသန အထောက်အထားများကို လည်းကောင်း၊ ပါမောက္ခ ဒေါက်တာ ဇင်မောင်မောင်သိန်းက ပရိုင်းမိတ်ဆင့်ကဲ ပြောင်းလဲမှု ဖြစ်စဉ်အကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ရာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိလိုသည်များနှင့် ထပ်မံဖြည့်စွက်လိုသည်များကိုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပရိုင်းမိတ်နှင့်ပတ်သက်၍ ပြတ်နေသည့် ကွင်းဆက်များကို ရှာဖွေရန် လိုအပ်ကြောင်း၊ ဆက်လက်ရှာဖွေမည့် လုပ်ငန်းစဉ်များကိုလည်း လျာထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကွင်းဆက်ပြတ်မသွားစေရန်အတွက် မျိုးဆက်သစ်လူငယ်များကို မွေးမြူရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်နှင့်အဖွဲ့ မကွေးဗဟိုအကျဉ်းထောင်နှင့် မကွေးမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့သည် ယမန်နေ့နှင့်ယနေ့တွင် မကွေးဗဟိုအကျဉ်းထောင်နှင့် မကွေးမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဗဟိုအကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင် အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေလုပ်ထုံးလုပ်နည်း၊ ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ/ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ / မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ /မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ /မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင် ကြည့်ရှုစစ်ဆေးသည်။

ဗဟိုအကျဉ်းထောင်၌ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ အကျဉ်းထောင်ဆေးရုံ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ /မရှိနှင့် Quarantine အဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၁၀၀ တို့ကို ကော်မရှင်က မကွေးဗဟိုအကျဉ်းထောင်ကို လှူဒါန်းရာ တာဝန်ခံအရာရှိက လက်ခံရယူသည်။



အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❐ *ကျောဖုံးမှ*

MNL ပြိုင်ပွဲကိုအသင်း ၁၂ သင်း ပြန်လည်တိုးမြင့်ခဲ့သလို MNL–2 ပြိုင်ပွဲကိုလည်း ရှစ်သင်း သို့မဟုတ် ကိုးသင်းဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် လာမည့်ရာသီ MNL–2 ပြိုင်ပွဲယှဉ်ပြိုင်မည့် အသင်းများကို မကြာမီထုတ်ပြန်မည်ဖြစ်သည်။ ၂၀၂၂ ရာသီ MNL–2 ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် အသင်းများအနက် တန်းတက်သွားသည့်အသင်းများ၊ ဖျက်သိမ်းသွားသည့်အသင်းများ၊ မယှဉ်ပြိုင်ဖြစ်တော့သည့် အသင်းများရှိနေသဖြင့် ပြိုင်ပွဲဝင်အသင်းသစ်များ ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်သည် တန်းတက်၊ တန်းဆင်းစနစ်ကျင့်သုံးရန်အတွက် MNL–2 ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ရာသီတွင် ပထမအကျော့အပြီးတွင် ဖျက်သိမ်းခဲ့ရသလို ၂၀၂၁ ရာသီတွင်မူ ကျင်းပနိုင်ခြင်းမရှိခဲ့ပေ။ ကျင်းပပြီးစီးခဲ့သည့် ရှစ်ကြိမ်အနက် ၂၀၁၃ ရာသီတွင် ချင်းယူနိုက်တက်အသင်း၊ ၂၀၁၄ ရာသီတွင် ဟံသာဝတီယူနိုက်တက်အသင်း၊ ၂၀၁၅ ရာသီတွင် Southern အသင်း၊ ၂၀၁၆ ရာသီတွင် မနောမြေအသင်း၊ ၂၀၁၇ ရာသီတွင် စီးတီးရန်ကုန်အသင်း၊ ၂၀၁၈ ရာသီတွင် ရှိုင်ရယ်သန်လျင်အသင်း၊ ၂၀၁၉ ရာသီတွင် ချင်းယူနိုက်တက်အသင်း၊ ၂၀၂၂ ရာသီတွင် တက္ကသိုလ်အသင်းတို့ ချန်ပီယံဆုရခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်သည် ယခုနှစ်တွင် MNL–2 ပြိုင်ပွဲကို တန်းတက်အပြင် တန်းဆင်းစနစ်ပါ ပထမဆုံးထည့်သွင်းကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ–သော်လေး**

# ဘီးလင်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ဘီးလင်း ဖေဖော်ဝါရီ ၁၄** မွန်ပြည်နယ် ကျိုက်ထိုခရိုင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆင်အင်းကျေးရွာအုပ်စု ဆပ်သွားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအား မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း ယခုအခါ စီမံကိန်းအတိုးရငွေကျပ်သိန်း ၆၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဖြစ်သည့် ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း (၁၇၅ ပေ x ၁၂ ပေ x ၆ လက်မ) လုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်းအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ၏ မိသားစုဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးလက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ မိုးတွင်းကာလအတွင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်**

(ပြန်/ဆက်)

# နိုင်ငံတကာဥပဒေစံနှုန်းများကို ချိုးဖောက်နေသော NUG ၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ ပညာရေးကဏ္ဍကို တိုက်ခိုက်ဖျက်ဆီးမှုများနှင့် ပတ်သက်၍ အသိပေးထုတ်ပြန်ချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

၁။ တည်ဆဲဥပဒေများအရ အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်ထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် ၎င်းတို့အာဏာရရှိရေးအတွက် အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်ကို ကိုင်စွဲပြီး နိုင်ငံတော်၏ အနာဂတ်ဖြစ်သော လူငယ်များ၏ ပညာရေးကဏ္ဍကို ဆင်ခြင်တုံတရားကင်းမဲ့စွာ နည်းမျိုးစုံဖြင့် နှောင့်ယှက်တိုက်ခိုက်ဖျက်ဆီးလျက်ရှိသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလကုန်အထိ NUG အဖွဲ့၏ စေခိုင်းချက်အရ PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတစ်ဝန်းလုံးရှိ စာသင်ကျောင်း၊ တက္ကသိုလ်/ကောလိပ်များအား ဗုံးခွဲတိုက်ခိုက်မှု ၅၂၈ ကြိမ်၊ မီးရှို့ဖျက်ဆီးမှု ၁၂၃ ကြိမ်၊ စာသင်ကျောင်းများမဖွင့်ရန် ခြိမ်းခြောက်မှု ၁၁၅ ကြိမ်ပြုလုပ်ခဲ့ကြပြီး CDM မလုပ်ဘဲ စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေသည့် တာဝန်သိနိုင်ငံ့ဝန်ထမ်းကောင်း ဆရာ/ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် သေဆုံးသူ ၆၆ ဦးနှင့် ဒဏ်ရာရသူ ၂၅ ဦး ရှိနေပြီဖြစ်သည်။ ထိုသို့ စာသင်ကျောင်းများအား တိုက်ခိုက်ဖျက်ဆီးခြင်း၊ ဆရာ/ဆရာမများအား လုပ်ကြံသတ်ဖြတ်ခြင်းများကို ပြုလုပ်ခဲ့သည့်အပြင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဥပဒေအရ တားမြစ်ထားသည့် စာသင်ကျောင်းများအား စစ်ရေးအရ အသုံးပြုခြင်းကိုလည်း ပြုလုပ်လျက်ရှိကြောင်း မြေပြင်စစ်ဆေးတွေ့ရှိချက်များအရ သိရှိရသည်။

၂။ ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၄၂၇ တွင် လက်နက်ကိုင်ပဋိပက္ခကြောင့် စာသင်ကျောင်းများ၊ ဆေးရုံများ ပိတ်ထားရခြင်းကို ရှုတ်ချထားပြီး လက်နက်ကိုင်တိုက်ခိုက်သူများအနေဖြင့် ကလေးသူငယ်များ၏ ပညာသင်ကြားခွင့်များ၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ပတ်သက်၍ အနှောင့်အယှက်ဖြစ်စေမည့် လုပ်ရပ်များအား ရှောင်ကြဉ်ရန် တိုက်တွန်းထားသည်။ ထို့အပြင် ကုလသမဂ္ဂအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသော Global Coalition to Protect Education from Attack (GCPEA) အဖွဲ့အစည်းက ထုတ်ပြန်ထားသော **“လက်နက်ကိုင်ပဋိပက္ခအတွင်း စာသင်ကျောင်းများနှင့် တက္ကသိုလ်များအား စစ်ရေးအရ အသုံးပြုခြင်းမှ ကာကွယ်ရန်လမ်းညွှန်ချက်များ”** တွင်လည်း ပညာရေးနှင့် သက်ဆိုင်သော နေရာများကို စစ်ရေးရည်ရွယ်ချက်အတွက် အသုံးချခွင့်မရှိကြောင်း ဖော်ပြထားသကဲ့သို့ ကျောင်းအုပ်ချုပ်သူများ၊ ပညာရေးဝန်ထမ်းများကိုလည်း ဖိအားပေးအကျပ်ကိုင်ခြင်း၊ မက်လုံးပေးစည်းရုံးခြင်းများအား မပြုလုပ်ရန် တားမြစ်ထားပါသည်။

၃။ သို့သော် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် သောင်းကျန်းသူအဖွဲ့အစည်းများသည် အစိုးရဆန့်ကျင်ရေးကို အကြောင်းပြု၍ စာသင်ကျောင်းများအား အတင်းအဓမ္မပိတ်ခိုင်းပြီး စစ်စခန်းများအဖြစ် အသုံးပြုလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ မိုးတားလေးကျေးရွာရှိ အထက(မိုးတားလေး) စာသင်ကျောင်းအတွင်း၌ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက တပ်မတော်စစ်ကြောင်းများအားတိုက်ခိုက်ရန် စာသင်ကျောင်းဝင်းအတွင်း စစ်စခန်းသဖွယ် ဘန်ကာများ ဆောက်လုပ်ထားခြင်း၊ ကတုတ်ကျင်းများ ပြုလုပ်ထားခြင်း၊ သဲအိတ်ဘန်ကာများ ပြုလုပ်ထားခြင်းတို့ကို တွေ့ရှိရပြီး KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် ဒေသခံပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်ပြီး စာသင်ကျောင်းများအား စစ်စခန်းများအဖြစ် အသုံးချလျက်ရှိကြောင်း ကိုယ်တိုင်မျက်မြင်ကြုံတွေ့ခဲ့ရသည့် ရွာသားများ၏ ရင်ဖွင့်စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

“ကျောင်းသားတွေ ကျောင်းတက်တဲ့ စာသင်ကျောင်းကို စစ်စခန်းအနေနဲ့ KIA နဲ့ PDF အဖွဲ့က ဘန်ကာတွေ လာလုပ်သွားတာပါ။ စစ်စခန်းလုပ်ပြီး ဒီမှာလည်း သူတို့ရုံဖန်ရံခါ နေပါတယ်။ သူတို့အင်အားကတော့ တစ်ခေါက်လာရင် အနည်းဆုံးအင်အား ၅၀ နဲ့ ၁၀၀ ကြားလာပါတယ်။ သဲအိတ်တွေကိုတော့ ပြီးခဲ့တဲ့ ၁၂ လပိုင်းလောက်က ကျွန်တော်တို့ ရွာကိုလာပြီး သူတို့ စစ်စခန်းချတဲ့ အချိန်မှာ အကာအကွယ်အနေနဲ့ သူတို့လုပ်သွားတာပါ။ ကျွန်တော်တို့ ရွာကိုလာရင် သူတို့တွေ ဒီစာသင်ကျောင်းမှာပဲ စတည်းချပြီးနေတာများတယ်ဗျ။ ကလေးတွေ ကျောင်းတက်တဲ့ စာသင်ကျောင်းကို အကာအကွယ်လုပ်၊ ခုတုံးလုပ်ပြီး နေတယ်လို့ပဲ ကျွန်တော်တို့ကတော့ အဲဒီလိုပဲ ထင်တယ်ဗျ။ စာသင်ကျောင်းတစ်ဝန်းလုံး အကာအကွယ်တွေ ဘန်ကာတွေ ဆောက်ထားတာ။ ရွာသားတွေကိုခေါ်ပြီး အတင်းအဓမ္မခိုင်းပြီး လုပ်ခိုင်းတာဗျ။ များသောအားဖြင့် ဒီကောင်တွေ ဒဏ်ကိုခံရတာကတော့ ထမင်းတွေ ချက်ကျွေးရတယ်။ တစ်အိမ်ကို ထမင်းသုံးနပ်ရံဖန်ရံခါဆိုရင် ဆက်ကြေးအနေနဲ့ ပိုက်ဆံကောက်ခံတာတွေလည်းရှိတယ်။ ကျွန်တော်တို့ ကျေးရွာသားတွေအနေနဲ့ကတော့ KIA/PDF တွေလာတာကို လုံးဝမနှစ်သက်ပါဘူး။ ကျေးရွာကလည်း ဒီကောင်တွေ ဒဏ်ခံရတာ အမြဲတမ်း လစဉ်လိုလို ဖြစ်နေတော့ ဒီအဖွဲ့အစည်းကို လုံးဝလက်မခံပါဘူး။”

“ကလေးတွေ ကျောင်းတက်တဲ့ စာသင်ကျောင်းကို အကာအကွယ်လာလုပ်တာ စစ်စခန်းလာလုပ်တာကတော့ ၁၂ လပိုင်း လလယ်လောက်က စတာပါ။ သူတို့ကို စားစရာ သောက်စရာ ဆန်တွေ၊ ဆီတွေ လုပ်ပေးရပါတယ်။ အခုလို အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ လုပ်ရပ်တွေကို ကျွန်တော့်အနေနဲ့ လုံးဝသဘောမကျပါဘူး။”

၄။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၎င်းကျေးရွာ၏ စာသင်ကျောင်းအတွင်းရှိ အကြမ်းဖက်သမားများ ဆောက်လုပ်ထားသော စစ်စခန်းများအား ရွာသူရွာသားများနှင့် အတူတကွ ပြန်လည်ဖျက်ဆီးခဲ့ပြီး ကျောင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ၎င်းအပြင် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေ (International Humanitarian Law)တွင် ဖော်ပြထားသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများအနေဖြင့် အကြမ်းဖက်လက်နက်ကိုင်တပ်ဖွဲ့များက စာသင်ကျောင်းများအား အသုံးပြုခြင်းကို ထိထိရောက်ရောက်တားဆီးပေးရန် တိုက်တွန်းချက်အရ ပညာရေးကဏ္ဍအား အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားကင်းမဲ့စွာ ဖျက်ဆီးနေမှုအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးအစီအမံများအား ဆောင်ရွက်လျက်ရှိပါသည်။ *စာမျက်နှာ ၁၃ သို့*



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကသာမြို့နယ်ရှိ အထက(မိုးတားလေး)စာသင်ကျောင်းတွင် စစ်စခန်းပြုလုပ်ထားသည့် ဘန်ကာနှင့် ဆက်သွယ်ရေးမြောင်းများ။



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကသာမြို့နယ်ရှိ အထက(မိုးတားလေး)စာသင်ကျောင်းတွင် စစ်စခန်းပြုလုပ်ထားသည့် သဲအိတ်ဘန်ကာများ။



CDM မပြုလုပ်သည့်အတွက် PDF အမည်ခံအကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့သည့် ဆိပ်ဖြူမြို့နယ်၊ ထမ္မကောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဲ့လှဲ့(သေဆုံး)။







KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အထက(မိုးတားလေး)စာသင်ကျောင်းတွင် စစ်စခန်းပြုလုပ်ထားမှုနှင့်ပတ်သက်၍ ရွာသားများက ရင်ဖွင့်ပြောကြားနေမှု။



CDM မပြုလုပ်သည့်အတွက် PDF အမည်ခံအကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့သည့် စဉ့်ကူးမြို့နယ်၊ ရွှေကျင်ကျေးရွာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြစိုး(သေဆုံး)။

## ပြည်သူ့အတွက် မြန်မာ့အသံ

✳ ပြည်သူ့တွက်ပင်၊ ထာဝစဉ်ဟု
နေ့စဉ်မပျက်၊ တာဝန်ဆက်၍
လက်ဆင့်ကမ်းကာ၊ ကျေပွန်လာခဲ့
ခုခါတွက်စစ်၊ 'ခုနစ်ဆယ့်ခုနစ်' သို့
နှစ်ပေါင်းရှည်ကြာ တိုင်ခဲ့ပြီ ...။

✳ သက်တမ်းရှည်ကြာ၊ မီဒီယာအဖြစ်
သစ္စာလည်းရှိ၊ ကျင့်ဝတ်သိကာ
တိကျမှန်ကန်၊ ပြည်သူ့ထံသို့
ချိန်မှန်ဆင့်ပါး၊ သတင်းများဖြင့်
'ပြန်ကြား' ပေးလျက်ရှိပါသည် ...။

✳ သက်တမ်းရှည်ကြာ၊ မီဒီယာအဖြစ်
သစ္စာလည်းရှိ၊ တာဝန်သိကာ
တတ်သိရန်ရှယ်၊ ဉာဏ်ရည်ကြွယ်ဖို့
မှတ်ဖွယ်မှတ်ရာ၊ စုံလင်စွာဖြင့်
'ပညာ' ဖြန့်လျက်ရှိပါသည် ... ။

✳ သက်တမ်းရှည်ကြာ၊ မီဒီယာအဖြစ်
သစ္စာလည်းရှိ၊ မေတ္တာဖြည့်လျက်
စွဲငြိရသ၊ ခံစားရရေး
တွေးဆပုံဖော်၊ နားဆင်ပျော်အောင်
'ဖျော်ဖြေ' ပေးလျက်ရှိပါသည် ...။

✳ သက်တမ်းရှည်ကြာ၊ မီဒီယာအဖြစ်
စဉ်လာမရိုင်း၊ ခေတ်သမိုင်းကို
ဆစ်ပိုင်းဖြတ်ကျော်၊ နိုင်ငံတော်၏
ကောင်းဖော်ဆိုးဖက်၊ရပ်တည်ချက်ဖြင့်
'သွက်လက်စေရန်၊ တွေးဆကြံလျက်'
'ထက်မြက်စေရန်၊ တွေးဆကြံလျက်'
'စွဲမက်စေရန်၊ တွေးဆကြံလျက်'
နက်ဖြန်များစွာ၊ ရှေ့ဆက်ကာဖြင့်
ပြည်ရွာလူမှု၊ အကျိုးပြုသည့်
ရည်ရွယ်မပျက် အလုတမန်
ပြည်သူ့အတွက် မြန်မာ့အသံ ... ။

( ၇၇ နှစ်မြောက် မြန်မာ့အသံနှင့်
ရုပ်မြင်သံကြားသို့ ဂုဏ်ပြုလျက်-)

**မောင်သင်းပျံ့(ကျိုက်ထော်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မီဒီယာနှင့် သက်တမ်းမြင့်မားသော ဌာနကြီးတစ်ခုဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် တိုင်းကျိုးပြည်ပြု ပြည်သူ့ဝန်ဆောင်မှု မီဒီယာပုံစံဖြင့် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် (၇၇)နှစ် ပြည့်မြောက်မည်ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ယင်းနေ့ ည ၉ နာရီတွင် MRTV-HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ယင်းအစီအစဉ်တွင် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် မြန်မာ့ဆိုင်းဝိုင်းကြီးတို့ပူးပေါင်း၍ တီးခတ်မှုနှင့်အတူ ထပ်ဆင့်အကယ်ဒမီ နေအောင်၊ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် သန်းမြတ်စိုး၊ ကေတုဝင်းထွဋ်၊ ရဲထိုက်၊ မိုးယံဇွန်၊ ဝေလျှံ ၊ တက္ကသိုလ်လဲ့လဲ့၊ သဲနုဝါ၊ အိအိချွန်၊ အိအိမွန်၊ ရဲရင့်ဝေလွင်၊ ဟန်သီ၊ ချိုမီမီဇော်၊ ထွန်းပပအောင်၊ ပူတူး၊ ရေဂျီးနား၊ ခိုင်သဇင်ဦးတို့နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက ပါဝင်ကပြဖျော်ဖြေကြမည်ဖြစ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် Burma Broadcasting Service (BBS)အမည်ဖြင့် စတင်ခဲ့ရာမှ Myanma Radio and Television-MRTV အမည်သို့အဆင့်ဆင့် ပြင်ဆင်ပြောင်းလဲလာခဲ့မှုနှင့်အတူ ယခုအခါ MRTV-HD၊ MRTV-News ၊ MRTV-NRC၊ MRTV Farmer's၊ MRTV Parliament၊ MRTV Sports နှင့် အင်္ဂလိပ်ဘာသာဖြင့် MITV ရုပ်သံလိုင်းများနှင့် မြန်မာ့အသံရေဒီယို၊ သပြေရေဒီယို၊ Myanma Radio (English FM) Channel နှင့် တိုင်းရင်းသားဘာသာအစီအစဉ်အမျိုးအမည် ၂၀ ကို ကိုယ်ပိုင်ထုတ်လွှင့်ပေးလျက်ရှိသည့်အပြင် MRTV Website အပါအဝင် Online ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း၍ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများကိုလည်းကောင်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■ ***ကျောဖုံးမှ***

ဆာလာ သွင်းဂိုးတစ်ဂိုး ရယူနိုင်ခဲ့သည့်အတွက် ပရီမီယာလိဂ် ၁၀၄ ပွဲတွင် ဂိုးပါဝင်ပတ်သက်မှုအကြိမ် ၁၀၀ (၇၁ ဂိုး သွင်း၊ ၂၉ ကြိမ် ဂိုးဖန်တီး) အထိ ရှိလာပြီဖြစ်သည်။ ဒိုက်ချီ၏ အဲဗာတန်အသင်းသည် ယခင် ပွဲစဉ်က ဦးဆောင်သူ အာဆင်နယ်အသင်းကို အနိုင်ရရှိခဲ့သော ခြေစွမ်းမျိုး ထပ်မံပြသနိုင်ခြင်းမရှိဘဲ လီဗာပူးအသင်း၏ ဖိအားပေးကစားမှုအောက် ကစားပုံဟန်ချက် ပျက်ခဲ့ပြီး ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

လီဗာပူး အသင်းအတွက် သွင်းဂိုးများကို ဆာလာနှင့် ဂတ်ပိုတို့က သွင်းယူပေးနိုင်ခဲ့သည်။ ပြိုင်ဘက် အဲဗာတန်အသင်းသည် လီဗာပူးအသင်းဘက်သို့ ဂိုးကန်သွင်းခွင့် ခြောက်ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက် တည့်မတ်မှု တစ်ကြိမ်သာ ရှိခဲ့သည်။ ထို့ကြောင့် အဲဗာတန်အသင်းသည် ပရီမီယာလိဂ် ၂၂ ပွဲ ကစားပြီး ရမှတ် ၁၈ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်းရပ်တည်နေပြီး လီဗာပူးအသင်းက ၂၀ ပွဲ ကစားပြီး ရမှတ် ၃၂ မှတ်ဖြင့် အဆင့် (၉) တွင် ရပ်တည်နိုင်ခဲ့သည်။ **အောင်ဇော်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၂-၂၀၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ-၁၃ ပါ သတင်းအညွှန်း ကော်လံ ၁ စာပိုဒ် ၃ တွင် စက်မှုမြို့တော်စီမံကိန်း **(အစား)** စက်မှုစီမံကိန်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**စာရေးသူ**

*စာမျက်နှာ ၁၂ မှ*

၅။ NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် နိုင်ငံတကာဥပဒေများ၊ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ကာ ကလေးသူငယ်များ၏ ပညာသင်ကြားရေးကို နည်းမျိုးစုံဖြင့် နှောင့်ယှက်တိုက်ခိုက်နေသော်လည်း အချို့သော နိုင်ငံများ၊ အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို မသိကျိုးကျွံပြုကာ ၎င်းအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း၊ မီဒီယာများပေါ်တွင် အားပေးထောက်ခံခြင်းများကို ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။ ထိုသို့ပြုလုပ်နေမှုများသည် အပြစ်မဲ့ပြည်သူများ၏ ဘဝလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ခြိမ်းခြောက်ဖျက်ဆီးလျက်ရှိပြီး နိုင်ငံတော်၏ အနာဂတ်ဖြစ်သည့် ကလေးသူငယ်များ၏ ပညာသင်ကြားရေးအား ဆင်ခြင်တုံတရားကင်းမဲ့စွာ နှောင့်ယှက်ဖျက်ဆီးလျက်ရှိသော အကြမ်းဖက်သမားများအား အားပေးအားမြှောက်ပြုနေခြင်းဖြစ်ပြီး ထိုသို့အားပေးအားမြှောက်ပြုနေ ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရန် ကြိုးပမ်းနေမှုများအား နှောင့်နှေးကြန့်ကြာစေမည်ဖြစ်ကြောင်း သတိပြုရန် လိုအပ်မည်ဖြစ်ပါသည်။



ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပန်လားကျေးရွာ အလယ်တန်းကျောင်းခွဲရှိ စာသင်ခန်းနံရံပေါ်၌ ခြိမ်းခြောက်စာရေးသားထားရှိမှု။



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အထက(အလယ်ကျွန်းရွာ)စာသင်ကျောင်းအား မီးရှို့ဖျက်ဆီးမှု။

၆။ သို့ဖြစ်ပါ၍ KIA အဖွဲ့နှင့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် နိုင်ငံတော်၏အနာဂတ်ဖြစ်သော ကလေးသူငယ်များ၏ ပညာသင်ကြားရေးကို ဖျက်ဆီးပြီး ၎င်းတို့၏ လက်နက်ကိုင်တိုက်ခိုက်မှုအတွက် စာသင်ကျောင်းများအား စစ်စခန်းများသဖွယ် အကာအကွယ်ယူ အသုံးချတိုက်ခိုက်နေမှုများအား နိုင်ငံတကာက သိရှိနိုင်ရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# လျှပ်စစ်ကားကဏ္ဍတွင် ပြိုင်ဆိုင်မှုပိုမိုအရှိန်မြင့်လာသည့်အတွက် ဥရောပတစ်ဝန်း၌ ဖို့ဒ်က အလုပ်အကိုင်ပေါင်း ၃၈၀၀ လျှော့ချမည်ဟုဆို

**ပါရီ ဖေဖော်ဝါရီ ၁၄**

လျှပ်စစ်ကားကဏ္ဍတွင် ပြိုင်ဆိုင်မှုပိုမိုအရှိန်မြင့်လာသည့်အတွက် ဥရောပတစ်ဝန်း အထူးသဖြင့် ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့၌ အလုပ်အကိုင်ပေါင်း ၃၈၀၀ ကို လျှော့ချသွားမည်ဖြစ်ကြောင်း အမေရိကန်ကားထုတ်လုပ်ရေးကုမ္ပဏီ ဖို့ဒ် (Ford) က ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောသည်။

လာမည့်သုံးနှစ်အတွင်း ဥရောပတစ်ဝန်း၌ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများတွင် ရာထူးနေရာပေါင်း ဂျာမနီနိုင်ငံတွင် ၂၃၀၀၊ ဗြိတိန်နိုင်ငံတွင် ၁၃၀၀ နှင့် အခြားနိုင်ငံတို့တွင် ၂၀၀ ကို လျှော့ချသွားမည်ဖြစ်ကြောင်း အဆိုပါကားကုမ္ပဏီက ပြောသည်။ ထိုကဲ့သို့ အလုပ်အကိုင်ပေါင်းများစွာ လျှော့ချရန် ဆုံးဖြတ်ရခြင်းမှာ လွယ်လွယ်ကူကူ မဟုတ်ဘဲ ခက်ခက်ခဲခဲ ဆုံးဖြတ်ခဲ့ရကြောင်း ဥရောပရှိ ဖို့ဒ်မော်ဒယ်အီး၏ အထွေထွေမန်နေဂျာ မာတင် ဆန်ဒါက ပြောသည်။

ထိုသို့ အလုပ်အကိုင် လျှော့ချရခြင်းသည် ဥရောပတွင် ၎င်း၏ လုပ်ငန်းပြန်လည်ဆန်းသစ်လာစေရန်နှင့် ခရီးသည်တင်ယာဉ်အသစ်များဖြင့် ယှဉ်ပြိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဖို့ဒ်ကားထုတ်လုပ်ရေးကုမ္ပဏီက ပြောသည်။ ထို့ပြင် လျင်မြန်စွာပြောင်းလဲလာသော ဈေးကွက်အခြေအနေများနှင့် ဈေးကွက်ထဲသို့ ဝင်ရောက်လာသော လျှပ်စစ်ကားပြိုင်ဆိုင်သူများ၏ ကြီးထွားလာနေသော နယ်ပယ်ကို တုံ့ပြန်ခြင်းဖြစ်ကြောင်းလည်း အဆိုပါ ကုမ္ပဏီက ပြောသည်။



အင်္ဂလန်နိုင်ငံ ဒါဂင်ဟာမ်မြို့ရှိ ဖို့ဒ်ကား ထုတ်လုပ်ရေး စက်ရုံ၌ အင်ဂျင်တစ်ခု ထုတ်လုပ်တပ်ဆင်နေစဉ်။

ဂျာမနီနိုင်ငံ၌ အလုပ်အကိုင်လျှော့ချမှုသည် ဇန်နဝါရီတွင် အိုင်ဂျီမက်တယ်ယူနီယံက ခန့်မှန်းထားသော အလုပ်အကိုင်လျှော့ချမှု ၃၂၀၀ ထက် လျော့နည်းခဲ့သည်။ အမေရိကန် ကားကုမ္ပဏီကြီးသည် ပြီးခဲ့သည့်နှစ်က အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့၌လည်း အလုပ်အကိုင် ထောင်ပေါင်းများစွာ လျှော့ချခဲ့ကြောင်း ထုတ်ပြန်ကြေညာထားသည်။

**အေအက်ဖ်ပီ**

# အီသီယိုပီးယားနိုင်ငံ၌ လက်ရှိဘဏ္ဍာနှစ် ပထမနှစ်ဝက်တွင် စိုက်ပျိုးရေးပို့ကုန်မှ ကန်ဒေါ်လာ ၁ ဘီလီယံခန့် ရရှိ

**အဒစ်အဘာဘာ ဖေဖော်ဝါရီ ၁၄**

ဇူလိုင် ၈ ရက်တွင် စတင်ခဲ့သော အီသီယိုပီးယားနိုင်ငံ၏ လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမနှစ်ဝက်အတွင်း စိုက်ပျိုးရေးထုတ်ကုန်များတင်ပို့မှုမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံဝန်းကျင်ခန့် ရှာဖွေနိုင်ခဲ့ကြောင်း အီသီယိုပီးယားအစိုးရက ဖေဖော်ဝါရီ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အီသီယိုပီးယား နိုင်ငံ၏ ပို့ကုန်ဝင်ငွေအများစုမှာ ကော်ဖီ၊ လက်ဖက်၊ ဟင်းခတ်အမွှေးအကြိုင်၊ သစ်သီးဝလံထုတ်ကုန်များအပြင် အသားနှင့် နို့ထွက်ပစ္စည်းများမှ ရရှိကြောင်း အီသီယိုပီးယား စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်ကို နိုင်ငံပိုင် ရုပ်သံလွှင့်ဌာန (အက်ဖ်ဘီစီ) က ကိုးကားဖော်ပြသည်။ ကော်ဖီ၊ လက်ဖက်နှင့် ဟင်းခတ်အမွှေးအကြိုင် တင်ပို့မှုများမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၆၄ သန်းဖြင့် အများဆုံးရရှိပြီး ပန်းနှင့် အခြားသစ်သီးဝလံ ထုတ်ကုန်တင်ပို့မှုများမှ အမေရိကန်ဒေါ်လာ ၃၅၆ သန်း ရရှိကြောင်း၊ ထို့ပြင် အသားနှင့် နို့ထွက်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ သန်းဝန်းကျင်ခန့်ရရှိကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။



ကော်ဖီသည် အီသီယိုပီးယားနိုင်ငံ၏ အဓိကတင်ပို့သောကုန်စည်ဖြစ်ပြီး အီသီယိုပီးယားနိုင်ငံ၏ ယခင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ကော်ဖီမက်ထရစ်တန် ၃၀၀၀၀၀ တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံအထိ စံချိန်တင် ရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ ဇွန်လမှစတင်ကာ ပလတ်စတစ် ထုတ်လုပ်သုံးစွဲမှုများကို တားဆီးသွားမည်

**ကိုလံဘို ဖေဖော်ဝါရီ ၁၄**

သီရိလင်္ကာနိုင်ငံ၌ ဇွန်လမှစတင်ကာ ပလတ်စတစ် ထုတ်လုပ်မှုများကို တားဆီးသွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန ဝန်ကြီးက အဆိုပြုတင်သွင်းထားသော ပလတ်စတစ် ထုတ်လုပ်ရေး၊ တင်သွင်းရေး၊ အသုံးပြုရေးများကို ဇွန်လမှစကာ သီရိလင်္ကာနိုင်ငံ၌ ခွင့်ပြုတော့မည်မဟုတ်ကြောင်း ဝန်ကြီးအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဘန်ဒူလာ ဂူနာဝါဒီနာ က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ သီရိလင်္ကာနိုင်ငံ၌ မပျက်စီးနိုင်သော ပလတ်စတစ်အသုံးပြုခြင်းများကို ၂၀၁၇ ခုနှစ်မှ စတင်ကာ တားမြစ်ခဲ့သည်။

**ဆင်ဟွာ**

# တိုယိုတာကားကုမ္ပဏီဂုဏ်ထူးဆောင်ဥက္ကဋ္ဌ တိုယိုဒါ ရှိုအိချီရို နှလုံးရောဂါဖြင့်သေဆုံး

**တိုကျို ဖေဖော်ဝါရီ ၁၄**

တိုယိုတာကားကုမ္ပဏီဂုဏ်ထူးဆောင်ဥက္ကဋ္ဌ တိုယိုဒါ ရှိုအိချီရိုသည် နှလုံးရောဂါဖြင့် ဖေဖော်ဝါရီ ၁၄ ရက်က သေဆုံးခဲ့သည်။ သူသေဆုံးချိန်တွင် ၎င်း၏အသက်မှာ ၉၇ နှစ်ရှိပြီဖြစ်သည်။

ကုမ္ပဏီတည်ထောင်သူ တိုယိုဒါကီအီချီရို၏ ပထမသား တိုယိုဒါသည် ကားလောကထဲသို့ ၁၉၅၂ ခုနှစ်က ဝင်ရောက်ခဲ့သည်။ ထို့နောက် ၁၉၈၂ ခုနှစ်တွင် တိုယိုတာမော်တာကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်လာခဲ့ပြီး အမေရိကန်ပြည်ထောင်စု ကန်တက်ကီပြည်နယ်၊ ကနေဒါနှင့် ဗြိတိန်တို့တွင် ကားစက်ရုံများကို တည်ဆောက်ခဲ့သည်။ သူသည် တိုယိုတာကုမ္ပဏီကို ကမ္ဘာပေါ်တွင် အကြီးဆုံးကားထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်အောင် ကြိုးစားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တူကီယဲ-ဆီးရီးယား၌ ရှာဖွေကယ်ဆယ်ရေးများ ဆက်လက်ဆောင်ရွက်

**အင်ကာရာ ဖေဖော်ဝါရီ ၁၄**

တူကီယဲ-ဆီးရီးယားနယ်စပ်အနီး ကြီးမားပြင်းထန်သော ငလျင်လှုပ်ခဲ့ပြီးနောက် တစ်ပတ်ကျော်ကာလ ကြာသည့်တိုင် ကယ်ဆယ်ရှာဖွေရေး အဖွဲ့များသည် ကယ်ဆယ်ရှာဖွေမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ငလျင်ကြောင့်သေဆုံးသူ ဦးရေမှာ ၃၅၀၀၀ ကျော်လာသည့်တိုင် ပြီးဆုံးမည့်လမ်းစမတွေ့နိုင်သေးဘဲ ဆက်လက်မြင့်တက်လာမည့် လက္ခဏာများကို တွေ့မြင်နေရသည်။ ဂျပန်ကိုယ်ပိုင်တပ်ဖွဲ့မှ လေယာဉ်များသည်လည်း ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့်အတူ တူရကီလေတပ်အခြေစိုက်စခန်းသို့ ဖေဖော်ဝါရီ ၁၄ ရက်က ရောက်ရှိလာကြသည်။

ငလျင်ဘေးမှ အသက်ရှင်သန်လွတ်မြောက်သူများသည်လည်း ဆေးဘက်ဆိုင်ရာ အကူအညီများကို အရေးပေါ်လိုအပ်လျက်ရှိသည်။ ဆီးရီးယားသမ္မတသည် နောက်ထပ် နယ်စပ်ဂိတ်နှစ်ခုကို အကူအညီများ ပေးနိုင်ရန် ဖွင့်လှစ်ပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်ပြည်ထောင်စု မီချီဂန်ပြည်နယ်တက္ကသိုလ်ကျောင်းဝင်းအတွင်း သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ သုံးဦးသေဆုံး

**မီချီဂန် ဖေဖော်ဝါရီ ၁၄**

အမေရိကန်ပြည်ထောင်စု မီချီဂန်ပြည်နယ် တက္ကသိုလ်ကျောင်းဝင်းအတွင်း ဖေဖော်ဝါရီ ၁၃ ရက်ညက သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူသုံးဦးသေဆုံးခဲ့ပြီး ငါးဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း တက္ကသိုလ်ရဲတပ်ဖွဲ့က ပြောသည်။

တက္ကသိုလ်ဝင်းနှင့် မလှမ်းမကမ်းအကွာတွင် မိမိကိုယ်ကိုယ် သေနတ်ဖြင့် အဆုံးစီရင်ခဲ့သည်ဟု ယူဆရသည့် သံသယတရားခံ သေနတ်သမား၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ယခုအခါတွင် ကျောင်းဝင်းကို ခြိမ်းခြောက်လျက်ရှိသည့် အန္တရာယ်တစ်စုံတစ်ရာ မရှိတော့ကြောင်း ပြောကြားလိုက်ပြီး နောက်ရဲတပ်ဖွဲ့က စိတ်ချရသော အမိုးအကာအောက် (အိမ်ထဲ) ၌သာ နေထိုင်ရမည်ဆိုသည့် အမိန့်ကြေညာချက်ကို ရုပ်သိမ်းလိုက်သည်။

တက္ကသိုလ် ပြောရေးဆိုခွင့်ရှိသူ အီမီလီဂူရန့်က ပထမအကြိမ် သေနတ်ပစ်ခတ်မှုသည် ကျောင်းခန်းမအတွင်း ဒေသစံတော်ချိန် ည ၈ နာရီ ၁၈ မိနစ်တွင် ဖြစ်ပွားခဲ့ပြီးနောက် ဘေးကပ်လျက်အခန်းများမှ သေနတ်သံများ ဆက်တိုက်ကြားရကြောင်း ပြောသည်။ သေနတ်သမားသည် သေနတ်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ထွက်ပြေးခဲ့ဟန် တူကြောင်း၊ သေနတ်သမားသည် မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့သည်ဟု ယူဆရကြောင်း ရဲများက ပြောသည်။ မီးသတ်ကား၊ လူနာတင်ယာဉ်နှင့် တခြားအရေးပေါ်ယာဉ် ၃၀ နီးပါးသည် ကျောင်းဝင်းအတွင်းသို့ ရောက်ရှိလာခဲ့သည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၀၇ ရာခိုင်နှုန်းရှိ

(၁၄-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၀၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၉၇,၄၃၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၇၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၄၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာ ကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၀ | ၂၃၃၀ | ၂၃၄၅ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၅ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၂၈၀၀ |
| 95 Ron | ၂၂၇၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၇၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၂၅ | ၂၃၀၀ | ၂၄၀၀ | ၂၄၁၅ | ၂၃၁၀ | ၂၃၂၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၅၅ | ၂၅၈၅ | ၂၈၈၀ |
| HSD (500 ppm) | ၂၂၇၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၀ | ၂၃၂၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၁၅ | ၂၃၂၅ | ၂၃၆၀ | ၂၃၆၀ | ၂၃၆၅ | ၂၅၉၀ | ၃၃၅၀ |
| HSD (50 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၀ | ၂၄၀၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၅ | ၂၆၇၀ | ၃၃၈၀ |
| HSD (10 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၀ | ၂၄၀၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၅ | ၂၆၇၀ | ၃၃၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၈၇ | ၂၁၆၂ |
| 95 Ron | ၂၁၅၅ | ၂၂၃၂ |
| HSD (500 ppm) | ၂၁၆၄ | ၂၂၃၇ |
| HSD (50 ppm) | ၂၂၃၈ | ၂၃၁၃ |
| HSD (10 ppm) | ၂၂၃၈ | ၂၃၁၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်အကြောင်း သိကောင်းစရာ

(ဒေါက်တာစုစုမြတ်၊ ပါမောက္ခ/ဌာနမှူး၊ အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)

**၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်သော အထောက်အကူပြုဆွေးနွေးချက်များကို အပိုင်း နှစ်ပိုင်းခွဲ၍ ရှင်းလင်းတင်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို တင်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ယင်းမေးခွန်းကို ဖြေဆိုပုံဖြေဆိုနည်းများနှင့် သတိပြုရမည့် အချက်များကို ရှင်းလင်းတင်ပြပါမည်။**

## တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင် မေးခွန်း ငါးပုဒ် ပါရှိပါသည်။ မေးခွန်း ငါးပုဒ်စလုံးကို ဖြေဆိုကြရမည် ဖြစ်သည်။

မေးခွန်းနံပါတ် (၁)တွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ သုံးပိုင်းခွဲထားပါသည်။ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများ၊ သီအိုရီများ နားလည်သဘောပေါက်မှုကို ဆန်းစစ်သော မေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကို ကောင်းစွာနားလည်မှသာ ဖြေဆိုနိုင်မည် ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၁။(က)တွင် ဖော်ပြချက် ငါးခုပါရှိပြီး ဖော်ပြချက်တစ်ခုစီကို မှား/မှန် ဖြေဆိုရန် ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၁။( ခ ) တွင် ဖော်ပြချက် ငါးခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် (က)၊ ( ခ ) နှင့် ( ဂ ) ဟု အဖြေ သုံးမျိုး ပေးထားသည့်အနက် အဖြေမှန်တစ်ခုကိုသာ ရွေးချယ်ရန် ဖြစ်သည်။ ဖြေဆိုရာတွင် ရွေးချယ်ထားသည့် အဖြေတစ်ခုကိုသာ ရေးပေးရန်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(ဂ)တွင် ဖော်ပြချက် ၁၀ ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် စာကြောင်းအပြည့်အစုံမဖော်ပြဘဲ ကွက်လပ်ပေးထားသည်။ လိုအပ်သောအဖြေကို ကွက်လပ်တွင် ဖြည့်ရမည်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေကိုသာနံပါတ်တပ်၍ တိကျစွာ ဖြေဆိုရန်ဖြစ်သည်။

မေးခွန်းနံပါတ် (၂)တွင် ပြဋ္ဌာန်းစာအုပ်၌ ပါဝင်သည့် အခန်းအားလုံးမှ အဓိပ္ပာယ် ဖွင့်ဆိုချက်များကို မေးထားပါသည်။ သင်ခန်းစာအခန်း တစ်ခန်းစီမှ အဓိပ္ပာယ်ဖွင့်ဆိုချက် နှစ်ခုစီနှင့် အခန်း ခြောက်ခန်းအတွက် ၁၂ ခု မေးထားသည့်အနက် နှစ်သက်ရာ ၁၀ ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းနံပါတ် (၃)တွင် (၁၀)မှတ်တန် မှတ်စုတို လေးပုဒ်ပေးထားပြီး နှစ်သက်ရာ နှစ်ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၄)တွင် (၂၀)မှတ်တန် မှတ်စုရှည်နှစ်ပုဒ် ပေးထားပြီး နှစ်သက်ရာ တစ်ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၃) နှင့် မေးခွန်းနံပါတ် (၄) မေးခွန်းတစ်ပုဒ်စီအတွက် ရရှိနိုင်သည့် ရမှတ်မှာ (၂၀) မှတ်ဖြစ်သည်။

မေးခွန်းနံပါတ်(၅)မှာ တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုများ ပြုလုပ်ရသည့်မေးခွန်းဖြစ်သည်။ ပေးထားသောကိန်းဂဏန်းများ၊ အချက်အလက်များကို အသုံးပြုပြီး တွက်ချက်ခြင်း၊ မျဉ်းကွေးများနှင့် ပုံများ ရေးဆွဲခြင်း စသည်ဖြင့် သီအိုရီသဘောတရားများ နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သောမေးခွန်းများဖြစ်သည်။ မေးခွန်းခွဲ (က)၊ (ခ) နှင့် (ဂ) မှ နှစ်သက်ရာ နှစ်ပုဒ်ကိုသာ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းနံပါတ် (၅) အတွက် ရမှတ်မှာလည်း (၂၀)မှတ် ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာသည် မေးခွန်းအမျိုးအစား ငါးမျိုး ပါဝင်သည့် မေးခွန်း ငါးပုဒ်ပေးထားသော မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား ငါးမျိုးမှာ (၁)ဗဟုဝိဓဋ္ဌာန်မေးခွန်း၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတို မေးခွန်း၊ (၄)မေးခွန်းရှည် မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှုများပြုလုပ်ရသည့် မေးခွန်းတို့ဖြစ်သည်။ စုစုပေါင်း မေးခွန်း ငါးပုဒ်စလုံးကို ဖြေဆိုရမည်ဖြစ်သည်။

## ဖြေဆိုပုံဖြေဆိုနည်း

မေးထားသောမေးခွန်း ငါးပုဒ်ကိုဖြေဆိုရာတွင် တိကျမှန်ကန်စေရေးနှင့် အမှတ်ကောင်းရရန် ဖြေဆိုပုံဖြေဆိုနည်းကို မေးခွန်း တစ်ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

မေးခွန်း (၁-က) ။ ။ ဤမေးခွန်းသည် ဗဟုဝိဓဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသောဖော်ပြချက်ကို မှားသလား (သို့) မှန်သလား ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ စာကြောင်း ပြန်ရေးရန်မလိုဘဲ ဖြေဆိုသူက ရွေးချယ်ထားသောအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ - 'အင်အားစုအခငွေဈေးနှုန်းများကို ထုတ်လုပ်သူများ၏ ဈေးနှုန်းများဟူ၍လည်း ခေါ်သည်' ဟူသော ဖော်ပြချက်တွင် အဖြေက 'မှန်' ဖြစ်သည့်အတွက် 'မှန်' ဟုသာ ဖြေဆိုရန်ဖြစ်သည်။ အဖြေလွှာစစ်ဆေးသူ(စာစစ်သူ) ဖတ်၍မရသော၊ မှား/မှန် မကွဲပြားသော အဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ ဖော်ပြချက် (၅)ခုအတွက် တစ်ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းရမှတ် (၅)မှတ်ဖြစ်သည်။

မေးခွန်း (၁-ခ)။ ။ ဤမေးခွန်းတွင် မေးထားသောအဖြေကို (က)၊ (ခ) နှင့် (ဂ) ဟု သုံးမျိုးပေးထားပြီး ယင်းထဲမှ အဖြေမှန်တစ်ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ယင်းမေးခွန်းတွင်လည်း မေးခွန်းစာကြောင်းကို 'ပြည်ပငွေပေး ငွေယူရှင်းတမ်း၏ သာမန်စာရင်းပိုင်းတွင် ပါဝင်သော မမြင်နိုင်သောအမယ်များမှာ (က) ကုန်စည်များ၊ (ခ) ဝန်ဆောင်မှုများ၊ (ဂ)အရင်းအနှီးများ ဖြစ်သည်။' ဟူသော မေးခွန်း၏အဖြေမှာ (ခ)ဝန်ဆောင်မှုများ ဖြစ်သည်။ မေးခွန်း (၁-ခ)၊ မေးခွန်းနံပါတ်သေး(၁)အတွက် အဖြေကို (၁) (ခ) ဟု ဖြေဆိုရန် ဖြစ်သည်။ ဖော်ပြချက် (၅)ခုအတွက် တစ်ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းရမှတ် (၅) မှတ် ဖြစ်သည်။

မေးခွန်း (၁-ဂ)။ ။ ဤမေးခွန်းသည်လည်း ဗဟုဝိဓဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသော စာကြောင်းတွင် လိုအပ်သည့်ကွက်လပ်ကို အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ မေးခွန်းစာကြောင်းကိုပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့်အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ တိကျသောအဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန်လိုပါသည်။ ဥပမာ- 'လေ့လာနေသောကုန်စည်၏ ဈေးနှုန်းကျဆင်းခြင်းကြောင့် ယင်းကုန်စည်ကို ရောင်းချမည့် အရေအတွက်လျော့နည်းသွားခြင်းကို ______________ ဟုခေါ်သည်။' ဟူသော မေးခွန်းအတွက် အဖြေမှာ 'ရောင်းလိုအားကျုံ့ခြင်း' ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းဖော်ပြချက် တစ်ခုလျှင် (၁) မှတ်ဖြင့် (၁၀) ခုအတွက် စုစုပေါင်းရမှတ် (၁၀)မှတ် ဖြစ်သည်။

မေးခွန်းနံပါတ်(၁) တစ်ပုဒ်လုံးအတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီက ပြဋ္ဌာန်းထုတ်ဝေထားသည့် ဒသမတန်း ဘောဂဗေဒဖတ်စာအုပ်မှ သင်ခန်းစာအခန်းတိုင်း၏အဆုံး၌ ထိုမေးခွန်းပုံစံများကို လေ့ကျင့်ရန် ထည့်သွင်းပေးထားသဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကြိုတင်လေ့လာနိုင်ပါသည်။

မေးခွန်းနံပါတ်(၂)တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိတိကျကျ ပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ မှားယွင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အမှတ်ပေးခြင်းမရှိကြောင်းကို ဖြေဆိုသူများ အထူးသတိပြုရန်လိုပါသည်။ ဥပမာ- 'ထပ်ဆင့်တိုးတန်ဖိုး' ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် မေးထားခြင်းကို 'ထပ်ဆင့်တိုးတန်ဖိုး' ဆိုသည်မှာ ကုန်ကြမ်းတန်ဖိုးတွင် ထပ်ဆင့်တိုးလာသည့် ထုတ်လုပ်မှု၏ တန်ဖိုးဖြစ်သည်။' ဟူသော အဖြေမှန်ကို ဖြေဆိုရမည့်အစား 'ထပ်ဆင့်တိုးတန်ဖိုးခွန်ဆိုသည်မှာ ကုန်စည်တစ်မျိုး၏ ထုတ်လုပ်မှုဖြစ်စဉ် အဆင့်ဆင့်တွင် ထပ်ဆင့်တိုးလာသော တန်ဖိုးများအပေါ်တွင် ကောက်ယူသည့် အခွန်ဖြစ်သည်။' ဟု 'ထပ်ဆင့်တိုးတန်ဖိုးခွန်'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် မှားယွင်းဖြေဆိုပါက လွဲမှားနေသဖြင့် အမှတ်လုံးဝ မရနိုင်ပါ။

ထို့ကြောင့် မှားယွင်းလွယ်သော၊ ဆင်တူယိုးမှားဖြစ်ပြီး အဓိပ္ပာယ်လုံးဝကွဲလွဲသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အလွတ်ကျက်ခြင်းထက် သဘောတရားနားလည်စေရန် လေ့လာထားပြီး မမှားအောင် ဖြေဆိုရန် လိုအပ်ပါသည်။

မေးထားသော အဓိပ္ပာယ်ဖွင့်ဆိုချက် (၁၂) ခုထဲမှ နှစ်သက်ရာ (၁၀) ခုကို ဖြေဆိုရပြီး၊ တိကျမှန်ကန် ပြည့်စုံပါက တစ်ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁)မှတ်နှင့် အထက်တွင် ဖော်ပြခဲ့သကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုချက် မှားယွင်းပါက (၀) မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန် ဖြစ်ပါသည်။ တစ်ခုလျှင် (၂)မှတ်နှင့် (၁၀) ခု ဖြေဆိုရသည့်အတွက် စုစုပေါင်းရမှတ်(၂၀)မှတ် ဖြစ်သည်။ မေးခွန်းနံပါတ် (၁)နှင့် (၂)ကို တိကျမှန်ကန်စွာ ဖြေဆိုနိုင်ခြင်းဖြင့် အမှတ် (၄၀) အပြည့် ရရှိနိုင်ပါသည်။

မေးခွန်းနံပါတ်(၃)တွင် (၁၀)မှတ်တန် မှတ်စုတို လေးပုဒ် ပေးထားပြီး နှစ်သက်ရာနှစ်ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ် (၄)တွင် အမှတ် (၂၀)မှတ်တန် မေးခွန်းရှည် နှစ်ပုဒ်ပေးထားပြီး နှစ်သက်ရာ တစ်ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်း တစ်ပုဒ်စီအတွက် ရရှိနိုင်သည့်ရမှတ်မှာ (၂၀) မှတ်ဖြစ်သည်။ ယင်းမေးခွန်းများတွင် အခန်းသီးသန့်စီခွဲကာ မေးထားခြင်းမျိုးမဟုတ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါ အခန်းခြောက်ခန်းစလုံးကို ပေါင်းစပ်ရောနှောပြီး မေးနိုင်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ရိုးအားလုံးကို နှံ့စပ်စွာ ဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။

မှတ်စုတိုကိုဖြစ်စေ၊ မေးခွန်းရှည်ကိုဖြစ်စေ ဖြေဆိုရာတွင်လည်း မေးထားသည့် အကြောင်းအရာ၏ အဓိပ္ပာယ်ကို ဦးစွာဖွင့်ဆိုသင့်ပါသည်။ ပြီးမှသာ ရှင်းလင်းချက်များကို ဖြေဆိုရပါမည်။ ထို့အပြင် အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက အဖြေလွှာစစ်ဆေးသူ ရှင်းလင်းပြတ်သားစွာ စစ်ဆေးနိုင်ရန် မေးထားသည့် အချက်အလက်များကို ဦးစွာ ဖော်ပြပြီးမှ တစ်ချက်ချင်းစီကို ရှင်းလင်းဖြေဆိုသင့်ပါသည်။

မေးခွန်းနံပါတ် (၅)တွင် တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှုပုစ္ဆာကို (က)၊ (ခ) နှင့် (ဂ) ဟူ၍ (၁၀)မှတ်စီ မေးထားပြီး နှစ်သက်ရာ နှစ်ခုကို ဖြေဆိုရပါမည်။ တိကျမှန်ကန်စွာ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် ယူဆချက်များ မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းမေးခွန်းနှင့်ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းလိုပါသည်။

(၁) ကိန်းဂဏန်းအချက်အလက်ကို အခြေခံပြီး တွက်ချက်စေသော မေးခွန်းများတွင် မေးထားသည့် အကြောင်းအရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုရပါမည်။ ထို့နောက်မှ တွက်ချက်မှုကို ပြုလုပ်သင့်ပါသည်။ ဥပမာ - ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ပုစ္ဆာမေးခွန်းကိုဖြေဆိုရာတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုပြီး ပေးထားသော ကိန်းဂဏန်းအချက်အလက်များကို သုံး၍ တွက်ချက်ရပါမည်။ ထို့နောက် တွက်ချက်ရရှိသောအဖြေကို ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း သဘောတရားများအရ သုံးသပ်ဖြေဆိုရမည်။

ထို့အတူ ဝယ်လိုအား၏ဝင်ငွေအလျော့အတင်း ပုစ္ဆာမေးခွန်းကိုဖြေဆိုရာတွင် ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုပြီး ပေးထားသော ကိန်းဂဏန်းအချက်အလက်များကိုသုံး၍ တွက်ချက်ရပါမည်။ ထို့နောက် တွက်ချက်ရရှိသောအဖြေကို ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းသဘောတရားများအရ သုံးသပ်၍ဖြေဆိုရမည်။

ရောင်းလိုအားအလျော့အတင်းပုစ္ဆာမေးခွန်းကို ဖြေဆိုရာတွင်လည်း ရောင်းလိုအား အလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကိုဦးစွာဖြေဆိုပြီး ပေးထားသော ကိန်းဂဏန်းအချက်အလက်များကိုသုံး၍ တွက်ချက်ရမည်။ ထို့နောက် တွက်ချက်ရရှိသောအဖြေကို သုံးသပ်၍ဖြေဆိုရန်ဖြစ်သည်။

(၂) ဝယ်လိုအားနှင့်ရောင်းလိုအားဇယားမှ ဈေးကွက်အားမျှခြေဆိုင်ရာ ဆန်းစစ်သော မေးခွန်းမျိုးတွင် မျဉ်းကွေးများရေးဆွဲစေခြင်း၊ ဈေးနှုန်းနှင့် ဝယ်လိုအားဆက်စပ်ပုံ၊ ဈေးနှုန်းနှင့် ရောင်းလိုအားဆက်စပ်ပုံ၊ အားမျှဈေးနှုန်းနှင့်အားမျှအရေအတွက်၊ ပိုလျှံဝယ်လိုအားနှင့်ပိုလျှံရောင်းလိုအား စသည့်ဈေးကွက်အခြေအနေများကို ပုံနှင့်တကွ ဖြေဆိုရခြင်းမျိုးဖြစ်သည်။

(၃) တိုင်းပြည်ဝင်ငွေတွက်ချက်နည်းဆိုင်ရာ မေးခွန်းအတွက် တိုင်းပြည်ဝင်ငွေနှင့် တစ်ဦးကျဝင်ငွေတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုပြီး တွက်ချက်မှုကို ဆက်လက်ဖြေဆိုရန် ဖြစ်သည်။ များသောအားဖြင့် GDP, GNP, NNP နှင့် တစ်ဦးကျဝင်ငွေအထိ မေးလေ့ရှိသည်။ သတိပြုရန်အချက်မှာ ပေးထားသော ကိန်းဂဏန်းများ၏ ယူနစ်ကို ပြန်သုံးရန်ဖြစ်သည်။ ဆိုလိုသည်မှာ ပေးထားသည့်တန်ဖိုးမှာ ကျပ်သန်းပေါင်းဆိုပါက ဖြေဆိုရာတွင် ကျပ်သန်းပေါင်းဖြင့် တွက်ချက်ဖော်ပြရမည်ဖြစ်သည်။ ဤတွင် ပေးထားသော ကိန်းဂဏန်းများကို ချရေးပြရုံဖြင့် အမှတ်မရနိုင်သဖြင့် အဆင့်လိုက်တွက်ချက်သွားရန်နှင့် တွက်ချက်မှုတွင် အသုံးပြုသော လက္ခဏာများကို ဖော်ပြရန်လိုပါသည်။

(၄) စားသုံးသူများ၏ ဈေးဆနှုန်းကိန်းဆိုင်ရာ ပုစ္ဆာမေးခွန်းကို ဖြေဆိုရာတွင် စားသုံးသူများ၏

*စာမျက်နှာ ၁၇ သို့*

# ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရန် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

ရတနာ(သုတေသီ)

ကျန်းမာရေးဝန်ကြီးဌာန၏ ပင်မမဏ္ဍိုင်လုပ်ငန်းကြီးတစ်ရပ်ဖြစ်သော ကျန်းမာရေးသုတေသနလုပ်ငန်းများမှ တွေ့ရှိချက်ရလဒ်များကို သုတေသနစာတမ်း၊ ပိုစတာများဖြင့် တင်ပြသည့် “(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ” ကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ် (၅)၊ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပမည်ဖြစ်သည်။

သုတေသနညီလာခံများ အစဉ်အလာမပျက် ကျင်းပခြင်းအားဖြင့် ကျန်းမာရေးဆိုင်ရာအသိပညာများတိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားလာစေရန်နှင့် သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမည့်ကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးနိုင်စေရန်စသည့် ရည်ရွယ်ချက်များချမှတ်ကာ ကျင်းပမည်ဖြစ်ပေသည်။

(၅၁) ကြိမ်တိုင်ရောက်လာပြီဖြစ်သော ညီလာခံ၏သမိုင်းကြောင်းကို လေ့လာကြည့်ပါက ၁၉၆၅ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၁၉၉၀ ပြည့်နှစ်အထိ အခြေခံသုတေသနစာတမ်းများသာ တင်သွင်းဖတ်ကြားခဲ့သည်ကို တွေ့ရှိရသည်။ သို့ရာတွင် ၁၉၉၁ ခုနှစ်တွင် သုတေသနပိုစတာများ၊ ၁၉၉၃ ခုနှစ်တွင် လက်တွေ့အသုံးချသုတေသနစာတမ်းများကိုပါ ပြသဖတ်ကြားခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (Symposium) များကို ထည့်သွင်းကျင်းပခဲ့ခြင်းနှင့် **(၄၅)ကြိမ်မြောက် သုတေသနညီလာခံမှစ၍** ညီလာခံ၏ အဓိကသုတေသနဦးတည်ချက်ခေါင်းစဉ် (Theme) အား သတ်မှတ်၍ ဆောင်ရွက်ခဲ့ခြင်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ သုတေသီပညာရှင်များ၏ သုတေသနအရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် သုတေသနပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကို အလေးထားအသိအမှတ်ပြုသောအားဖြင့် ၁၉၉၃ ခုနှစ်မှစ၍ အကောင်းဆုံးစာတမ်းဆုများ၊ အကောင်းဆုံးပိုစတာဆုများကို ရွေးချယ်ချီးမြှင့်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ လူငယ်သုတေသီဆုကိုပါ ချီးမြှင့်ခဲ့သည်။

ကမ္ဘာတစ်ဝန်းရင်ဆိုင်ကြုံတွေ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် “(၄၉) ကြိမ်မြောက် သုတေသနညီလာခံ”ကို Virtual Congress အသွင်ဖြင့်လည်းကောင်း၊ “အကြိမ် (၅၀) မြောက် ရွှေရတုညီလာခံကို Virtual နှင့် Inperson ပူးတွဲလျက် Hybrid အသွင်ဖြင့်လည်းကောင်း ကျင်းပခဲ့ပြီး ယခုနှစ်တွင် Inperson ကျင်းပမည်ဖြစ်သည်။

**လုပ်ငန်းတာဝန်များ သတ်မှတ်ထားရှိ**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆေးသုတေသနဦးစီးဌာနက နှစ်စဉ်တာဝန်ယူဆောင်ရွက်ရာတွင် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ သတ်မှတ်ထားရှိ၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစတင်ပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီသည် ဝန်ကြီးဌာနလက်အောက်ရှိ

ကျန်းမာရေးဝန်ကြီးဌာန

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မှ ၂၄ ရက်နေ့အထိ

ဆေးသုတေသနဦးစီးဌာန အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့

**“ ထို့ပြင် အရည်အသွေးပြည့်ဝ၍ တောင့်တင်းခိုင်မာသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ တိုးတက်စေရန်ရည်ရွယ်၍** “Myanmar Health Workforce for the SDG and 2030 UHC Targets: Situational Analysis, Strategies and Commitments” – **“ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်နှင့် လူတိုင်းလက်လှမ်းမီအရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရေး ၂၀၃၀ ရည်မှန်းချက်အတွက် အခြေခံကျသည့်မြန်မာနိုင်ငံကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ လက်ရှိအခြေအနေများအား သုံးသပ်ခြင်း၊ မဟာဗျူဟာများချမှတ်ခြင်းနှင့် ကတိကဝတ်များထားရှိခြင်း” နှီးနှောဖလှယ်ပွဲကိုလည်း ကျင်းပမည်ဖြစ်”**

ဦးစီးဌာနများ၊ နိုင်ငံ့တက္ကသိုလ်များရှိ သုတေသီပညာရှင်များက စာတမ်းအကျဉ်း (Abstract) နှင့် လျှောက်လွှာ (Application form) များကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း၊ သုတေသနစာတမ်းအပြည့်အစုံကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထား၍လည်းကောင်း ပေးပို့စေခဲ့သည်။

တင်သွင်းလာသော သုတေသနစာတမ်းများကို အခြေခံ သုတေသနစာတမ်း (Basic Research)၊ အသုံးချသုတေသနစာတမ်း (Applied Research)၊ ကျန်းမာရေးစနစ် သုတေသနစာတမ်း (Health Systems Research) များနှင့် ပိုစတာများအားဖြင့် အမျိုးအစားခွဲခြားလက်ခံခဲ့သည်။

ယခုနှစ်တွင် အခြေခံသုတေသနစာတမ်း ၁၈ စောင်၊ အသုံးချသုတေသနစာတမ်း ၃၂ စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း ရှစ်စောင်၊ ပိုစတာစာတမ်း ၃၄ စောင် စုစုပေါင်းစာတမ်း ၉၂ စောင်ကို စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီက စိစစ်ပြီး ညီလာခံသို့ တင်သွင်း၊ ဖတ်ကြား၊ ပြသရန် လက်ခံထားရှိခဲ့သည်။ တင်သွင်းမည့်စာတမ်းများတွင် Myancopharm ကိုဗစ်ကာကွယ်ဆေး၊ ကိုဗစ်-၁၉ ရောဂါ၊ ကင်ဆာရောဂါ၊ တီဘီရောဂါ၊ အသည်းရောဂါ၊ နှလုံးသွေးကြောရောဂါ၊ တိုင်းရင်းဆေး၊ သွားဘက်ဆိုင်ရာ၊ အားကစားဆိုင်ရာ၊ မြွေဆိပ်၊ သွေးလွန်တုပ်ကွေး၊ ဆေးပညာသင်ကြားရေးနှင့် အကဲဖြတ်နည်းဆိုင်ရာ သုတေသနများစသည်တို့ ပါဝင်သည်။

**ပညာရပ်ဆိုင်ရာလေးခုကို ထည့်သွင်းကျင်းပသွားမည်**

သုတေသနစာတမ်းများ တင်သွင်းဖတ်ကြားခြင်းကို တစ်ဦးလျှင် ၁၅ မိနစ်ကြာ တင်ပြရမည်ဖြစ်ပြီး ဆွေးနွေးမေးမြန်းချိန်နှင့် စာတမ်းရှင်က ပြန်လည်ဖြေကြားပေးရန် ငါးမိနစ်ခွင့်ပြုပေးထားသည်။ ထို့ပြင် ညီလာခံကျင်းပရာရက်များအတွင်း နိုင်ငံတကာနှင့် ပြည်တွင်းမှ သုတေသနပညာရှင်များ ပါဝင်ဆွေးနွေးတင်ပြကြမည့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ လေးခုကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ကမ္ဘာကြီး၌ ယနေ့ဖြစ်ပွားနေဆဲဖြစ်သော ကပ်ရောဂါ ကိုဗစ်-၁၉ အပါအဝင် ကူးစက်ရောဂါများတွင် တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်နိုင်သောရောဂါများသည်လည်း လူသားတို့ကို ခြိမ်းခြောက်နေသည့်အားလျော်စွာ အဓိကဦးတည်ချက်ခေါင်းစဉ်အဖြစ် “The Fight Against Zoonotic Diseases: A one Health Approach” – “တိရစ္ဆာန်မှတစ်ဆင့် ကူးစက်နိုင်သောရောဂါများကို တစ်ခုတည်းသော ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့” ဟု သတ်မှတ်ထားသည်။ ထို့ပြင် ယင်းခေါင်းစဉ်ဖြင့်ပင် ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ University of California Davis နှင့် Colorado State University တို့မှ ပညာရှင်များဖြင့် ပညာရပ် ဆိုင်ရာ နှီးနှောဖလှယ်ပွဲကိုလည်း ညီလာခံနောက်ဆုံးနေ့တွင် ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွက် အရေးပါသောကျန်းမာရေးပြဿနာများဖြစ်သည့် တီဘီရောဂါနှင့် အသည်းရောင်အသားဝါဘီရောဂါများ၏ မျိုးဗီဇပြောင်းလဲမှုဆိုင်ရာ သိကောင်းစရာများကို “Myanmar–Korea Joint Symposium (2023): Clinical Significance of Molecular Techniques: A Focus on TB and Hepatitis B”–“မော်လီကျူးနည်းပညာ၏ လက်တွေ့ဆေးပညာရပ်တွင် အရေးပါမှုကို တီဘီရောဂါနှင့် အသည်းရောင်အသားဝါဘီတို့တွင် အဓိကထားဆွေးနွေးခြင်း နှီးနှောဖလှယ်ပွဲ”ကို ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံမှ ပညာရှင်များဖြင့်လည်းကောင်း၊ ဂျပန်နိုင်ငံမှ ပညာရှင်များနှင့် ပြည်တွင်းသုတေသီပညာရှင်များဖြင့် “Health Hazard Environmental Arsenic Poisoning”– “ပတ်ဝန်းကျင်ရှိ အာဆင်းနစ် အဆိပ်သင့်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များ” ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို လည်းကောင်း ထည့်သွင်းကျင်းပသွားမည် ဖြစ်သည်။

ထို့ပြင် အရည်အသွေးပြည့်ဝ၍ တောင့်တင်းခိုင်မာသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ တိုးတက်စေရန်ရည်ရွယ်၍ “Myanmar Health Workforce for the SDG and 2030 UHC Targets: Situational Analysis, Strategies and Commitments” – “ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်နှင့် လူတိုင်းလက်လှမ်းမီအရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရေး ၂၀၃၀ ရည်မှန်းချက်အတွက် အခြေခံကျသည့် မြန်မာနိုင်ငံကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ လက်ရှိအခြေအနေများအား သုံးသပ်ခြင်း၊ မဟာဗျူဟာများချမှတ်ခြင်းနှင့် ကတိကဝတ်များ ထားရှိခြင်း” နှီးနှောဖလှယ်ပွဲကိုလည်း ကျင်းပမည်ဖြစ်သည်။

**သုတေသန ပညာရှင်များကို ထိုက်ထိုက်တန်တန် ချီးမြှင့်**

ညီလာခံတွင် တင်သွင်းလာသည့်စာတမ်းများမှ အခြေခံသုတေသန (Basic Research) စာတမ်းဆုများ၊ လက်တွေ့အသုံးချသုတေသန (Applied Research) စာတမ်းဆုများ၊ ကျန်းမာရေးစနစ်သုတေသန (Health Systems Research) စာတမ်းဆုများနှင့် ပိုစတာစာတမ်းဆုများကိုလည်းကောင်း၊ လူငယ်သုတေသီဆုများအတွက် အခြေခံသုတေသနစာတမ်းတစ်စောင်၊ လက်တွေ့အသုံးချသုတေသနစာတမ်းတစ်စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်းတစ်စောင် စုစုပေါင်းသုံးစောင်ကိုလည်းကောင်း

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၆ မှ*

ဈေးဆန္ဒနှုန်းကိန်းအဓိပ္ပာယ်ဖွင့် ဆိုချက်ကို ဖြေဆိုပြီး တွက်ချက်ရာတွင် စားသုံးကုန်စည် အုပ်စု၊ စားသုံးကုန်စည်အုပ်စု တန်ဖိုး၊ ဈေးဆန္ဒနှုန်းကိန်း၊ ဈေးဆန္ဒနှုန်းကိန်း ပြောင်းလဲသည့် ရာခိုင်နှုန်းစသဖြင့် အဆင့်ဆင့် တွက်ချက်ဖော်ပြရမည်ဖြစ်သည်။ ထို့နောက် တွက်ချက်ရရှိသောအဖြေအရ စားသုံးကုန်စည်များ၏ ဈေးနှုန်းအဆင့်ပြောင်းလဲမှု ရာခိုင်နှုန်း (ငွေဖောင်းပွမှုနှုန်း) ကို သုံးသပ်ဖြေဆိုရန်ဖြစ်သည်။

ငွေကြေးအရေအတွက်သီအိုရီမှ တွက်ချက်နည်းဆိုင်ရာ မေးခွန်းအတွက် ငွေကြေးပမာဏ (M)၊ ဈေးနှုန်း (P)နှင့် ကုန်စည်အရေအတွက် (T)ကို ပေးထားပြီး ငွေကြေးလည်ပတ်မှုအရှိန် (V) ကိုရှာရန် မေးလေ့ရှိပါသည်။ ထို့အပြင် M နှင့် T ပြောင်းပြီး V ပုံသေနှင့် V ပြောင်းလဲသည့်အခြေအနေများတွင် အခြားအချက်များကိုရှာရန် မေးလေ့ရှိသည်။ ပထမဦးစွာ ငွေကြေးအရေအတွက် သီအိုရီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် ပေးထားချက်များကို အခြေခံ၍ တွက်ချက်သုံးသပ်ဖြေဆိုရမည် ဖြစ်ပါသည်။

(၅) တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာကို ဖြေဆိုရန်အတွက် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာများကို နားလည်သဘောပေါက်အောင် လေ့လာဆည်းပူးထားပါက အခက်အခဲမရှိ ကောင်းစွာဖြေဆိုနိုင်မည် ဖြစ်ပါသည်။ ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး ထူးချွန်စွာ အောင်မြင်ပါစေဟု ဆုတောင်းရင်း ပို့ချချက်ကို ရပ်နားလိုက်ပါသည်။ ။

# ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပွဲတော် နောက်ဆုံးရက် လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားများပြား

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ငါးရက်တိုင် ကျင်းပနေသည့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပွဲတော် နောက်ဆုံးရက်ဖြစ်သည့် ယနေ့တွင် နံနက်ပိုင်းမှ စတင်ကာ ညပိုင်းအထိ လာရောက် လည်ပတ်ကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ပြည်သူ့ရင်ပြင် အတွင်း ဝန်ကြီးဌာန ပြခန်းများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားများ၏ ဖျော်ဖြေတင်ဆက်ကပြမှုများကို ကြည့်ရှုသူများ၊ ဒေသထုတ်ကုန်များ၊ အထည်အလိပ်များ၊ လက်မှုပစ္စည်းများအား အမှတ်တရ ဝယ်ယူကြသူများ၊ အမှတ်တရ ဓာတ်ပုံရိုက်ကူးကြသူများ၊ တိုင်းရင်းသားရိုးရာ ဒေသထွက် အစားအစာရောင်းချသည့် ဆိုင်ခန်းများတွင် လည်ပတ် စားသောက်ကြသူများဖြင့် ယခင်နေ့ကထက် ပိုမိုစည်ကားရှိသည်ကို တွေ့ရသည်။ **(အောက်ပုံ)**

နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာများ၏ ဆောင်ရွက်ချက်များ၊ ရိုးရာအစားအစာများနှင့် အသေးစား အလတ်စား အငယ်စား ထုတ်ကုန်ပစ္စည်းများ ပြသထားသည့် နေပြည်တော်ကောင်စီ ကိုယ်စားပြုပြခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမင်းထွန်းက "ပြခန်းမှာတော့ ကျွန်တော်တို့ဌာနဆိုင်ရာတွေရဲ့ပြခန်းတွေ ရှိပါတယ်။ နေပြည်တော်မှာ ရေပေးဝေရေးလုပ်ငန်းတွေ၊ ဗီနိုင်းတွေ ပုံစံငယ်လေးတွေနဲ့ ပြထားပါတယ်။ နေပြည်တော်မှာ စည်ပင်သာယာအနေနဲ့ ဆောင်ရွက်တဲ့ သန့်ရှင်းရေးလုပ်ငန်းတို့ Green City, Clean City, Smart City ဆောင်ရွက်တဲ့ ဆောင်ရွက်ချက်လေးတွေကို ပြထားပါတယ်။ ဓာတ်ပုံမှတ်တမ်းတွေ ပြသထားတာတွေရှိတယ်။ နေပြည်တော်မှာရှိတဲ့ ဘုရားစေတီတို့၊ ဟိုတယ်တို့ အပန်းဖြေ ခရီးသွားနိုင်တဲ့နေရာတွေ ရှိပါတယ်။ ဆည်မြောင်းနဲ့ ပတ်သက်တာတွေ၊ ရေအသုံးချမှုနဲ့ ပတ်သက်တာတွေ၊ ရေတိုင်းတာတဲ့ စက်ကိရိယာတွေ၊ လေတိုင်းတာတဲ့ စက်ကိရိယာတွေ ရှိပါတယ်။

စီးပွားရေးဇုန် ပုံစံငယ်လေးတွေလည်း ပြသထားပါတယ်။ သစ်တောက စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်တဲ့ဗီနိုင်းတွေ၊ သူတို့ရဲ့ အပန်းဖြေစခန်းတွေ၊ ငှက်လိုက်ဆည်စခန်း စတာတွေကို ပုံစံငယ်လေးတွေနဲ့ ပြထားပါတယ်။ နောက်ဒေသကထွက်ကုန်တွေဖြစ်တဲ့ ဝါးလက်မှုပစ္စည်းတွေကို လာရောက်ပြသပြီး ပြည်သူတွေကို ရောင်းချပေးနေတာရှိပါတယ်။ နောက် MSME လုပ်ငန်းတွေ ပြထားပါတယ်။ ကျွန်တော်တို့ နေပြည်တော် ကိုယ်စားပြုအနေနဲ့ ရန်ကုန်မှာ လာရောက်ပြသခြင်းကြောင့် နေပြည်တော်က ဌာနဆိုင်ရာရဲ့ ဆောင်ရွက်ချက်တွေ၊ နောက်ပြီးတော့ နေပြည်တော်မှာ ထွက်ရှိတဲ့ ထုတ်ကုန်လေးတွေကို ရန်ကုန်မှာရှိတဲ့ ပြည်သူလူထုအားလုံးကိုလာပြီးတော့မိတ်ဆက်ချပြ ဆောင်ရွက်နိုင်တဲ့အတွက်ကြောင့် အင်မတန်မှလည်း အကျိုးရှိပါတယ်၊ ဂုဏ်လည်းဂုဏ်ယူပါတယ်" ဟုပြောသည်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကိုယ်စားပြု ပြခန်းတွင်လည်း အီလက်ထရောနစ် မှတ်ပုံတင်ဦးစီးဌာနမှ e- ID စနစ်အကောင်အထည်ဖော်ရန်အတွက် Biometric ကောက်ယူသည့်နေရာတွင် ပွဲတော်စတင်သည့် ဖေဖော်ဝါရီ ၁၀ ရက်မှ ယနေ့အထိ မျက်စိသူငယ်အိမ်နှင့် လက်ဗွေစကင်ဖတ်သူ၊ မျက်နှာပြင် ဓာတ်ပုံရိုက်သူ၊ စိတ်ဝင်တစားလာရောက်လေ့လာကြသူတို့ဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

အီလက်ထရောနစ် မှတ်ပုံတင်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးနိုင်က "ကျွန်တော်တို့ဌာနက မှတ်ပုံတင်ကို စမတ်ကတ်အဆင့်အထိ ရည်ရွယ်ပြီး ဆောင်ရွက်နေတာဖြစ်တဲ့အတွက် အခု ဘိုင်အိုမက်ထရစ် ကောက်နေတာပါ။ ဝန်ကြီးဌာနတွေမှာ ကျွန်တော်တို့ ဘိုင်အိုမက်ထရစ် လိုက်ကောက်နေပါပြီ။ ဘိုင်အိုမက်ထရစ်ပြီးပြီဆိုတာနဲ့ ဝန်ကြီးဌာနတွေပြီးတာနဲ့ ပြည်သူလူထုကို ဆက်ပြီးတော့လာမှာပါ၊ ပြခန်းပထမနေ့ကတော့ ပြည်သူတွေက မသိသေးတော့ လာတာနည်းပါတယ်။ လူဦးရေ ၃၂၀ လောက်ပဲ လာတယ်။ ဒါပေမယ့် နောက်ရက်တဖြည်းဖြည်းနဲ့ တိုးလာတာက ၁၈၀ နဲ့ ၂၀၀ ထိအောင်ပေါ့။


ဦးနေမင်းထွန်း


ဦးကျော်စိုးနိုင်


မောင်အဂ္ဂမာန်

နောက် ၂၀၀ ကျော်တဲ့ ရက်တွေရှိပါတယ်။ ပြောပြချင်တာကတော့ ကျွန်တော်တို့ရဲ့ အီလက်ထရောနစ် မှတ်ပုံတင်ဦးစီးဌာနအနေနဲ့ တတ်နိုင်သမျှ ပြည်သူလူထုအတွက် ရည်ရွယ်ပြီးတော့ ကောင်းမွန်တဲ့စေတနာနဲ့ ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

ပြည်သူ့ရင်ပြင်သို့ လာရောက်လည်ပတ်သူများထဲတွင် လူငယ်၊ လူရွယ်များ စုစည်းဖွဲ့ထားသည့် ကျောင်းသားအဖွဲ့တစ်ခုက ပြပွဲနှင့် စက်မှုဇုန်ထုတ်ကုန် ဈေးပွဲတော်သို့ လာရောက်ကြသူများနှင့် ဆိုင်ခန်းများတွင် ဈေးရောင်းချနေသူများအား အားကစားဆိုင်ရာ မေးခွန်းများကို အပျော်သဘော လိုက်လံမေးမြန်းနေသည့် မြင်ကွင်းကလည်း ထူးခြားချက်တစ်ခု ဟု ဆိုနိုင်သည်။

အဆိုပါအဖွဲ့မှ မောင်အဂ္ဂမာန်က "ကျွန်တော်တို့က ဘောလုံးတို့၊ ဘက်စကက်ဘောတို့နဲ့ ပတ်သက်တဲ့ မေးခွန်းလေးတွေ မေးတာပါ။ မှန်သွားရင် ဆုကြေးငွေလေးတွေ ပေးပါတယ်။ အပျော်သဘောလိုက်မေးတာပါ၊ ကျွန်တော်တို့ သူငယ်ချင်း လေးယောက်စုဖွဲ့ပြီးတော့ လုပ်တာပါ၊ ပြည်သူကို ဗဟုသုတပေးတဲ့ အနေနဲ့ပေါ့။ မေးခွန်းလေးတွေ ဖြေတာမှန်တော့ သူတို့လည်း ဆုကြေးငွေလေးတွေ ရသွားလို့ ပျော်သွားရင် ကျွန်တော်တို့လည်း ပီတိဖြစ်တာပေါ့ဗျာ" ဟု ပြောသည်။

ထို့ပြင် စက်မှုဇုန်ထုတ်ကုန်ပစ္စည်းများ၊ အသေးစား၊ အလတ်စား၊ အငယ်စားထုတ်ကုန်ပစ္စည်းများ ရောင်းချသည့် ဆိုင်ခန်းများမှလည်း နောက်ဆုံးနေ့ဖြစ်သည့်အတွက် ပိုမိုသက်သာသော နှုန်းထားများဖြင့် ရောင်းချပေးခဲ့ရာ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးရောင်းချသည့် ဆိုင်များတွင် ဝယ်ယူသူများ အထူးများပြားလှသည်။

ပွဲတော်သို့ လာရောက်သူ ကျောင်းသားတစ်ဦးက "ဒီမှာ အလုပ်သမား အလုပ်အကိုင်ကိစ္စတွေလည်း ကြည့်ဖြစ်ခဲ့ပါတယ်။ ဆောက်လုပ်ရေးနဲ့ ပတ်သက်တဲ့ ဝတ်စုံလေးတွေ၊ စစ်ပစ္စည်းနဲ့ ပတ်သက်တဲ့ ဝတ်စုံတွေကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။ တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့ ယဉ်ကျေးမှုတွေလည်း သိခွင့်ရပါတယ်။ အခြားသော ဗဟုသုတတွေလည်း ရပါတယ်၊ ဆေးပန်းချီနဲ့ ပတ်သက်တာတွေပါ သိခွင့်ရခဲ့တဲ့ အတွက် ဒီပွဲတော်ကို လာရတာ ဗဟုသုတတွေ အများကြီး ရပါတယ်" ဟု ပြောသည်။

ပွဲတော်ကျင်းပသည့် နောက်ဆုံးနေ့ဖြစ်သည့် ယနေ့တွင် ပြည်သူ့ရင်ပြင် ရေပန်းအနီးရှိ တေးဂီတဖျော်ဖြေပွဲ မဏ္ဍပ်၌ စတီရီယိုတေးသံရှင်များ၊ DJ ဖျော်ဖြေမှုများ၊ ကရင်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားတို့၏ အကအလှများ၊ လှည်းကူးပညာရေးကောလိပ်မှ ထာဝရမြန်မာ တိုင်းရင်းသားများအဖွဲ့၊ တိုင်းရင်းသားကျေးရွာမှ တိုင်းရင်းသား အကအလှများ၊ နိုင်ငံကျော်သရုပ်ဆောင်များ၊ တေးသံရှင်အဆိုတော်များက ဖျော်ဖြေကြရာ ဖျော်ဖြေပွဲသို့ လာရောက်သည့် ပရိသတ်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားခဲ့သည်။

**နဒီမင်း၊ တင်စိုး(မြန်မာ့အလင်း)**





---

*စာမျက်နှာ ၁၇ မှ*

စာတမ်းဆု ရွေးချယ်ရေးဆပ်ကော်မတီက စိစစ်ရွေးချယ်၍ ဆုများချီးမြှင့်သွားရန် စီစဉ်ထားသည်။ စာတမ်းတင်သွင်းကြသည့် သုတေသနပညာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုအလေးထားသည့်အနေဖြင့် ဆုရရှိသူ သုတေသီများအား ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

သုတေသနစာတမ်းရှင်များသည် ဆေးသုတေသနဦးစီးဌာနမှ ထုတ်ဝေသည့် မြန်မာ့ကျန်းမာရေးသိပ္ပံသုတေသနဂျာနယ် (Myanmar Health Sciences Research Journal) သို့ ပေးပို့လိုပါကလည်း ဂျာနယ်သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်လျက် ဂျာနယ်၏ အီးမေးလ် *(https://www.mhsrj-moh.dmr.gov.mm)* သို့ စာတမ်းများပေးပို့နိုင်သည်။ ပေးပို့သောစာမူများကို ပညာရပ်အလိုက် ပြည်တွင်းပြည်ပမှပညာရှင်များက စနစ်တကျ အကဲဖြတ်စိစစ်ပြီးနောက် ပုံနှိပ်ထုတ်ဝေခြင်းကို ဆောင်ရွက်မည်ဖြစ်သည်။ ဤသုတေသနဂျာနယ်ကို ရည်ညွှန်းကိုးကားဖော်ပြခြင်း (Citation) ပြုလုပ်ခြင်းသည် ဂျာနယ်ကို ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် အထောက်အကူ တစ်ရပ်ဖြစ်စေသဖြင့် သုတေသီများက မြန်မာ့ကျန်းမာရေးသိပ္ပံသုတေသန ဂျာနယ်သို့ တင်သွင်းပုံနှိပ်ဖော်ပြပေးစေရေးအတွက် တိုက်တွန်းအပ်ပါသည်။

**စိတ်ပါဝင်စားသူများ ညီလာခံတက်ရောက်နိုင်**

ဤသုတေသနညီလာခံကြီးသို့ စာတမ်းတင်သွင်းကြမည့် သုတေသီပညာရှင်များသာမက တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဆရာဝန်များ၊ ဆေးတက္ကသိုလ်များနှင့် နီးနွယ်တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသားများ၊ ကျန်းမာရေးဝန်ထမ်းများသာမက သုတေသနစိတ်ပါဝင်စားသူများသည် ကြိုတင်စာရင်းသွင်းခြင်းကိုဆောင်ရွက်ပြီး ညီလာခံတက်ရောက်နိုင်ပါသည်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီးတွင် သုတေသီများ၏ တင်ပြဆွေးနွေးကြမည့် သုတေသနဖော်ထုတ်ချက်ရလဒ်များကို ပြည်တွင်း ပြည်ပပညာရှင်များက ပညာရပ်ဆိုင်ရာမျှဝေ၊ ဆွေးနွေး၊ လမ်းညွှန်မှုများကို ဆောင်ရွက်ကြမည်ဖြစ်ပေသည်။ ယင်းတို့ကို အခြေပြုလျက် လက်တွေ့အသုံးချနိုင်သည်အထိ ဆောင်ရွက်သွားကြမည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးကဏ္ဍအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၂-၂၀၂၃ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(မောရသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ရွှေကြည့်စေချင် ရှားနိုင်ငံတစ်ခွင်(အပိုင်း-၅)
**၀၉:၃၅** (၇၇)နှစ်မြောက်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်ပတ်လည်နေ့ဂုဏ်ပြုအစီအစဉ် "ထွန်းသစ်ဖြစ်ပေါ်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်"
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** (၇၇)နှစ်မြောက်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်ပတ်လည်နေ့ဂုဏ်ပြုအစီအစဉ် "ထုတ်လုပ်ရေးမှူးများ မှိုင်းအားထားရာ MRTV စာကြည့်တိုက်"
**၁၁:၂၅** ရွှေယံစုံလင်အာဆီယံအစီအစဉ်
**၁၂:၀၀** သီချင်းကြိုးပဒေသာ
**၁၂:၃၀** MRTV National News
**၁၃:၃၅** (၇၇)နှစ်မြောက်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်ပတ်လည်နေ့ဂုဏ်ပြုအစီအစဉ် "ခေတ်အဆက်ဆက်ထင်ဟပ်ခဲ့သည့်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ကြေးမုံပြင်"
**၁၅:၃၅** (၇၇)နှစ်မြောက်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်ပတ်လည်နေ့ဂုဏ်ပြုအစီအစဉ် "ကိုယ်စိတ်နှလုံးအပန်းဖြေစရာ MRTV ပန်းခြံနှင့် RECREATION CENTER"
**၁၇:၃၅** (၇၇)နှစ်မြောက်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်ပတ်လည်နေ့ဂုဏ်ပြုအစီအစဉ် "ရေဒီယိုသမိုင်းမှတ်တမ်း"
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၄၀** (၇၇)နှစ်မြောက်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်ပတ်လည်နေ့ဂုဏ်ပြုအစီအစဉ် "ရတုအဆက်ဆက်မှသည်(၇၇)နှစ်တိုင်ခဲ့ပြီ MRTV"
**၁၉:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ပန်းရနံ့ လွင့်ပျံ့အမုန်း** (အပိုင်း-၆၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** (၇၇)နှစ်မြောက်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်ပတ်လည်နေ့ဂုဏ်ပြုဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**mitv**

**07:01** Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
**07:05** Dances of Myanmar: Rvwang Azulam Dance
**07:10** Danu Food: Pounded Crab Apple Salad
**07:16** MRTV-3 Myanmar International to MITV
**08:01** News
**08:27** Between the Beaches: Chaung Tha Vs Ngwe Saung
**08:37** Let's go to Hlawga Nature Park
**09:01** Innovative Handiworks Based On The Art Of Line Drawing
**09:21** Special Feature Hailing the 77th Anniversary of MRTV (10th ASEAN Quiz Hostcal in Grand Scale)
**10:01** News
**10:28** Myanmar Delegation in Russia

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
တောင်ကြာပန်းများပျော်စံရာဇိုနီမွှတောင်
**ချင်း (ချို:) (၀၇:၀၀ မှ ၀၈:၀၀)**
ဝိတိုရိယတောင်(ခေါ်)ခေါနူးစုမ်
**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ကရင်ပြည်မြိုးနွယ်စုနေထိုင်ရာတောင်ပေါ်ဒေသ
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ပုစွန်ချက်နှင့်ဟင်းခပေါင်းသီးကြော်
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ပင်လောင်းရှမ်းစက္ကူ
**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
ဟင်းနုနွယ်နှင့်ကျန်းမာရေး
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း
**ပကကရင် (၂၀:၀၀ မှ ၂၁:၀၀)**
အိမ်တွင်းဆပ်ပြာလုပ်နည်းအဆင့်ဆင့်
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ညီညွတ်ရေးသံစဉ်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၀၅** ရေဒီယိုသမိုင်းမှတ်တမ်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၉:၄၅** ရတုအဆက်ဆက်မှသည်(၇၇)နှစ်တိုင်ခဲ့ပြီ MRTV
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၂၀:၄၅** စိန်ရတုမှသည်မြန်မာ-ရုရှားပူးပေါင်းဆောင်ရွက်မှုရေ့သို့ရှိ
**၂၁:၄၅** စိန်ရတုခရီးသည် (အပိုင်း-၂)(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(၇၇)နှစ်မြောက်နှစ်ပတ်လည်နေ့ဂုဏ်ပြုအစီအစဉ်

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဒိုက်'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၇)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီဂျီသမ္မတနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၀** သမားရိုးကျမှသည် ဆန်းသစ်မှုဆီသို့
**၀၇:၀၀** ကြယ်အပေါင်းဝန်းရံ၍ထာဝစဉ်ထွန်းလင်းတောက်ပနေမည့်ကောင်းကင်
**၀၇:၅၀** မြောက်ချောကုန်းဒေသထွက် မာလကာ
**၀၈:၂၀** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
**၀၉:၄၅** ပန်းမြတ်သင်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရရှိသူများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များ ထုတ်ပေး

**မုံရွာ ဖေဖော်ဝါရီ ၁၄**

အလုပ်သမားဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ထုတ်ပေးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိက လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ထုတ်ပေးခြင်း နှင့်ပတ်သက်၍ လည်းကောင်း၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေအကြောင်းနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားပြီး အကျိုးခံစားခွင့်ရရှိသူ၏ မိသားစုဝင်များထံသို့ အကျိုးခံစားခွင့်ငွေများကို ပေးအပ်သည်။

ထောက်ပံ့ပေးအပ်သည့် အကျိုးခံစားခွင့်များအနေဖြင့် မုံရွာမြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အာမခံအလုပ်သမား အကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၁၀၈ သိန်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာဘရူဝါရီလီမိတက်မှ၊ မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမား ဦးဝင်းမောင်၏ လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူ မိသားစုအကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၄၃၉၂၀၀၀ ကို လည်းကောင်း၊ စစ်ကိုင်းမြို့ လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော NTT သစ်အချောထည် စက်ရုံမှ အာမခံအလုပ်သမား ဦးဝင်းမင်းသန်း၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူ မိသားစု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၄၃၂၀၀၀၀ ကိုလည်းကောင်း တိုင်းဒေသကြီးတာဝန်ခံအရာရှိနှင့် တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှူး ဦးအောင်ငြိမ်းတို့က လက်ရောက် ပေးအပ်ကြသည်။



အခမ်းအနားသို့ မိတ်ဖက်ဌာနများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ခရိုင် (ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၂ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၁၇၈၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၁၈၈၉၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၅၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၅၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၁၅ ကျပ် | ၂၂၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၈၅ ကျပ် | ၂၃၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၈၀ ကျပ် | ၂၂၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၅၀ ကျပ် | ၂၃၀၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၆၀ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၃ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၂ . ၁၀၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၀ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၈၂ . ၉၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၈ . ၂၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၇၉ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၆၀၀ | ၄၈၉ | ၄၁၅၇၃၀၀ |
| MTSH | ၃၂၀၀ | ၃၂၅၀ | ၁၁၅၇ | ၃၇၁၀၂၀၀ |
| MCB | ၇၆၀၀ | ၇၆၀၀ | ၂၁ | ၁၅၉၆၀၀ |
| FPB | ၁၈၀၀ | ၁၈၀၀ | ၂၄၂၂ | ၄၃၅၉၆၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၂ | ၅၂၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၈၀ | ၃၉၂၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရှေးဟောင်းဝတ္ထုပစ္စည်းအပ်နှံခြင်းအတွက် ချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၄**

ရှေးဟောင်းဝတ္ထုပစ္စည်း အပ်နှံခြင်းအတွက် ချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယနေ့ နေ့လယ်ပိုင်းက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပဲခူးဌာနခွဲ) ညွှန်ကြားရေးမှူးရုံး၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်မင်းက ဂုဏ်ပြုစကားပြောကြားပြီး ရှေးဟောင်းဝတ္ထုပစ္စည်း အပ်နှံသူ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ရုံးအုပ် ဒေါ်မြင့်မြင့်ကြည်အား ချီးမြှင့်ငွေကျပ် ၃၈၁၄၄၃ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ **(ယာပုံ)**



အဆိုပါ လှူဒါန်းသူသည် ၎င်း၏ ဘိုးဘွားပိုင် ကိုလိုနီခေတ်လက်ရာ ကဒေါင်းပုံ ရွှေဆွဲပြား တစ်ခုနှင့် ရတနာပုံခေတ်လက်ရာ တိုးနရားရုပ်ပုံပါ ကြေးဒင်္ဂါးတစ်ခုတို့ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၂ ရက်က ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်သို့ အပ်နှံသည့်အတွက် ယဉ်ကျေးမှုဝန်ကြီး ဌာနက ချီးမြှင့်ခြင်းဖြစ်သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (ပဲခူးဌာနခွဲ) ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က ရွှေထည်နှင့် အခြားရှေးဟောင်းဝတ္ထုပစ္စည်းများ အား နိုင်ငံတော်ပိုင်ပစ္စည်းအဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ အပ်နှံပါက လွှဲပြောင်း ပေးအပ်သူကို အကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်၍ ကာလတန်ဖိုးအပြင် ထပ်ဆောင်းတန်ဖိုးငွေပါ တွက်ချက်ပြီး ချီးမြှင့်ငွေ ပေးအပ်လျက်ရှိပါကြောင်း၊ ထပ်ဆောင်းတန်ဖိုးသတ်မှတ်ရာတွင် ရှေးဟောင်း ဝတ္ထုပစ္စည်း၏ နောက်ခံသမိုင်းကြောင်း အခြေအနေ၊ ပြုလုပ်ထားသည့် ပစ္စည်းအမျိုးအစား၊ အနုပညာ လက်ရာမြောက်မှုအဆင့်အတန်း၊ သက်တမ်းနှင့် ကာလတန်ဖိုးတို့အပေါ်တွင် မူတည်၍ စိစစ်ဆေးရေး အဖွဲ့က စိစစ်သတ်မှတ်ပေးလျက်ရှိပါကြောင်း၊ ကျောက်ခေတ်မှစ၍ ကိုလိုနီခေတ်ကာလထိ ခေတ် ခွဲခြား၍ ခေတ်ကာလကြေးကို ၅၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းထိလည်းကောင်း၊ လက်ရာကြေးအဖြစ် ၃၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိ လည်းကောင်း ကာလတန်ဖိုးအပေါ် ထပ်ဆောင်းချီးမြှင့်ပေးလျက်ရှိ ကြောင်းပြောကြားသည်။ **ကိုတွတ် (ပြန်/ဆက်)**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၇၇)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသား နှင့် အမျိုးသမီးအသင်းများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်း တို့တွင် နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။

ယနေ့နံနက်ပိုင်းက ကျင်းပသည့် အမျိုးသမီး ပြိုင်ပွဲ ဗိုလ်လုပွဲတွင် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း NRC ဌာနခွဲနှင့် စီမံဌာနခွဲအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း NRC ဌာနခွဲအသင်းက လည်းကောင်း၊ ညနေပိုင်းတွင်ကျင်းပသည့် အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အသံလွှင့်ဌာနခွဲအသင်းနှင့် ရုပ်မြင်ဌာနခွဲအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အသံလွှင့်ဌာနခွဲအသင်းကလည်းကောင်း အနိုင်ရရှိ ဗိုလ်စွဲသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်း အနားကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ဦးရဲနိုင်က ပထမဆုရရှိခဲ့ကြသည့် အသံလွှင့်ဌာနခွဲ (အမျိုးသား) အသင်းနှင့် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း NRC ဌာနခွဲ (အမျိုးသမီး) အသင်းတို့ကိုလည်းကောင်း **(အောက်ပုံ)**၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ)က ဒုတိယဆု ရရှိခဲ့ကြသည့် ရုပ်မြင်ဌာနခွဲ (အမျိုးသား) အသင်းနှင့် စီမံဌာနခွဲအသင်း (အမျိုးသမီး) ဘတ်စကတ်ဘော အသင်းများကိုလည်းကောင်း ဒုတိယညွှန်ကြား ရေးမှူးချုပ် (EIC) က တတိယဆုရရှိသည့် တိုင်းရင်းသားလူမျိုးများရုပ ်သံလိုင်း NRC ဌာနခွဲ (အမျိုးသား)အသင်းနှင့် အသံလွှင့်ဌာနခွဲ (အမျိုးသမီး)အသင်းတို့အား လည်းကောင်း၊ ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး) က နှစ်သိမ့်ဆုရရှိသည့် စီမံဌာနခွဲ (အမျိုးသားအသင်း) အားလည်းကောင်း ဆုများချီးမြှင့်ကြသည်။



ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ဌာနတွင်း ဘတ်စကတ်ဘောပြိုင်ပွဲတွင် နည်းပြနှင့် ဒိုင်လူကြီး များအဖြစ် ကူညီဆောင်ရွက်ပေးခဲ့ကြသူ နှစ်ဦးကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဝန်ထမ်းများ ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် လုပ်ငန်းခွင်တွင် ပျော်ရွှင်ပြီး ကျန်းမာစွာဖြင့် တာဝန်ထမ်းဆောင် နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဌာနတွင်း အားကစား ပြိုင်ပွဲများကို စီစဉ်ကျင်းပလျက်ရှိရာ ယခုအခါ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အဖြစ် ညွှန်ကြားရေးမှူးချုပ်ဖလား ဘတ်စကက်ဘော ပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက်မှစတင်ပြီး အမျိုးသား အသင်း ငါးသင်းကို အုပ်စုနှစ်စု ခွဲ၍လည်းကောင်း၊ အမျိုးသမီးအသင်း သုံးသင်းကို အုပ်စုပတ်လည်အသင်း စနစ်ဖြင့်လည်းကောင်း ပွဲစဉ်ရေးဆွဲ၍ ယှဉ်ပြိုင် ကစားကြခြင်း ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**


## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၂-၂၀၂၃)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ ရုံးသုံးစာရေးကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော် ၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | – | Tender.17.Stationary(2nd) (2022–2023) |
| တင်ဒါစတင်သည့်ရက် | – | ၁၅-၂-၂၀၂၃ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | – | ၂၈-၂-၂၀၂၃ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော်ဖုန်း-၀၆၇၃၄၃၁၀၈၅ ၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၀) မြေကွက်အမှတ်(၁၀၇)၊ ဧရိယာ (၀. ၀၅၅) ဧက (အလျား ၄၀' × အနံ ၆၀') ပေ အကျယ်အဝန်းရှိ ဦးမောင်လှ (အီးအေ ၀၁၀၅၁၇) အမည်ပေါက် မြေကွက်ကြီးအား ထွန်းသီရိ (၅) လမ်းမှ မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း (အလျား ၂၀' × အနံ ၆၀') ပေခန့် ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေကွက်ပေါ် တည်ဆောက်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၀) ရပ်ကွက်၊ ထွန်းသီရိ (၅) လမ်း၊ အမှတ် (၂၂) နေအိမ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံး"တို့ကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လှလှ (၁၂/မဂတ (နိုင်) ၀၄၇၀၁၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေက (၁၄-၂-၂၀၂၃) ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက်နှင့်နေအိမ် အပြီးအပိုင်အရောင်းအဝယ် စရန်ငွေပေးချေခြင်း ကတိစာချုပ်" ဖြင့် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို ပေးအပ်၍ ချုပ်ဆိုဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်သည့် ပစ္စည်းနှင့် ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာသည့် နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်ပိုင်ဆိုင်မှုရရှိရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးမျိုးမြင့် (ဘဏ်) | | ဒေါ်စိုင်စဝမ္မန် |
| တရားလွှတ်တော်ရှေ့နေ | | တရားလွှတ်တော်ရှေ့နေ |
| (၆၀၆၅/၉၄) | | (၁၇၉၇၇/၂၂) |
| ဒေါ်အိအိအေး | ဒေါ်ပြည့်ပြည့်အောင် | ဒေါ်အေးချိုဇင် |
| (စဉ်-၄၇၆၈၆) | (စဉ်-၄၉၂၂၁) | (စဉ်-၅၂၈၃၆) |

အ ထက် တန်း ရှေ့ နေ များ

အမှတ် (၈၃)၊ အခန်း (၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 09 5167237, 09 796290305, 09 423744414, 09 448026350

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(B)၊ တိုက်အမှတ်(B–4)၊ အခန်းအမှတ်(802)၊ Type(B)၊ Area(946)Sqftရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထူးအောင်ဝင်း ၁၂/ပဇတ(နိုင်) ၀၃၀၂၄၀ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ဇင်မာအောင် ၈/အလန(နိုင်) ၁၃၇၉၆၆**
**(ဖုန်း-၀၉-၉၇၉၃၇၃၇၇၃)**

## စာအုပ်စာပေ လူ့မိတ်ဆွေ


# ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်း (၂၃) ကြိမ်မြောက် ရွှေပညာဒါန (အခမဲ့) သင်တန်းဆင်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ရွှေပညာဒါန (အခမဲ့) ရွှေသင်တန်း အသိပညာပေးသင်တန်း အမှတ်စဉ် (၂၃) ဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း နာယက ဦးဆန်းလွင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက် ပြောကြားသည်။

ဆက်လက်၍ အသင်းအထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က သင်တန်းတွင် ပို့ချခဲ့သည့် ဘာသာရပ်များအကြောင်းကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းတွင် သင်ကြား ပို့ချခဲ့ကြသည့် ဆရာများကို ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်ပြီးနောက် အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်တို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။ **(ယာပုံ)**



ရွှေပညာဒါန (အခမဲ့) ရွှေသင်တန်း အသိပညာပေး သင်တန်း အမှတ်စဉ် (၂၃) သို့ သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်ခဲ့သည်။ သင်တန်းတွင် ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေဈေးကွက်ရောင်းဝယ်ခြင်း၊ ရွှေအပေါင်ခံခြင်း၊ သိပ်သည်းဆ၊ ရွှေပန်းတိမ်၊ ရွှေဒင်္ဂါး ငွေဒင်္ဂါး၊ အသုံးချ ရွှေသချာ၊ ကျောက်မျက်ပညာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း ပညာရပ်တို့ကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **မျိုးမင်းသူရ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၇၆ ဆူ | ၁၄၄ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၄၃၂၉. ၀၂ | ၂ | - | ၂ |
| ၄။ | ဝေါပကရုံး(၄၈×၂၄×၂၉)ပေ | ၅၈၂၆. ၀၅ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၈. ၇၅ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၇၅ ခန်း | ၃၈၀ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၃၂ ခု | ၅၂၀ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၈၀ ကျင်း | ၂၀၃၉. ၅၃ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၇ ကျင်း | ၁၉၁. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၃ ကျင်း | ၁၄၁၃. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၂၈ သိန်း | ၁၇၄၀၃ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၃၆ စုံ | ၄၆၄ စုံ |

